မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဧပြီ ၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၈၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်နှင့်အညီ အကောင်အထည်ဖော် စိုက်ပျိုးရေးလုပ်ငန်းများ လှေကားထစ်တောင်ယာစိုက်ပျိုးနည်းဖြင့် စနစ်တကျဆောင်ရွက် နှစ်ရှည်သီးနှံများနှင့် ခြံစည်းရိုးကြက်ဆူပင်များ လျာထားချက်နှင့်အညီ စိုက်ပျိုး

နေပြည်တော်မြို့တော် ဧပြီ ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၃ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြရာ မြစ်ကြီးနားလေဆိပ်၌ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ထွန်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ဝွေထော်ကျေးရွာ ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့သစ်သို့ မြစ်ကြီးနား-အင်ဂျန်းယန်လမ်းအတိုင်း ထွက်ခွာလာကြရာ နံနက် ၁၀ နာရီခွဲတွင် မလိခမြစ်ကူး ဝွေထော်ဆိပ်သို့ ရောက်ရှိကြပြီး ဝွေထော်ဆိပ်တစ်ဖက်ကမ်းမှ စက်လှေများဖြင့် ဆက်လက်ထွက်ခွာရာ ဝွေထော်ကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝွေထော်ကျေးရွာမှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ အင်ဂျန်းယန်မြို့နယ် အရဲဇွပ်-အင်ဂျန်းယန်လမ်း ၉ မိုင် ကျောက်ခင်းလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ အင်ဂျန်းယန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောညီညီထွေးနှင့် ဂျိတ်လန်းမြန်မာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်

စာမျက်နှာ ၇ ကော်လံ ၁ ✡

မြန်မာ့အလင်း ဆောင်းပါး၊ အင်တာနက်သတင်းနှင့် ဓာတ်ပုံအညွှန်း

❒ **NLD** ပါတီသည် ဤနည်း၊ ဤလမ်း ဤစခန်းအတိုင်းသွားနေပါက လွှတ်လမ်းနဲ့ ကျွတ်တမ်းမဝင်နိုင်၊ လှုပ်လေမြုပ်လေ၊ လှော်လေနစ်လေ။ ၁၉၉၀ ရလဒ်ကို ဆုပ်ကိုင်ထားနေမှုမှာ မိမိကိုယ်မိမိ ဆင်သေကို စီးပြီးလိုက်မိနေသော ကျီးမိုက်ဘဝမျိုး ရောက်နေမှန်းလည်းမသိ။ လစ်ဘရယ်အတွေးနှင့် လစ်ဘရယ်ဆေးကိုသာ တွင်တွင်သောက်နေ၏။ ဝေဒနာကားမပျောက်။ အနာတခြား ဆေးတခြား။ အာဏာခွဲတမ်းရရေး အထက်လမ်း၊ အောက်လမ်းနည်းမျိုးစုံဖြင့် ကြိုးစားခဲ့သည်မှာ ၁၆ နှစ်ခန့် ကြာခဲ့ပြီကော။

မောင်စေတနာ(**B.A, B.Ed**)၏
ဆောင်းပါး(စာ ၈၊ ၉နှင့် ၁၁)

ဂျပန်၌ မိုဘိုင်းလ်မှ
ရုပ်မြင်သံကြား ကြည့်ရှုနိုင်ကြပြီ

အင်တာနက်သတင်းနှင့် ဓာတ်ပုံ (စာ-၆)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အင်ဂျန်းယန်မြို့သစ် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဂြိုဟ်တုတယ်လီဖုန်းစခန်းဖွင့်ပွဲကို တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲ ပျော်ရွှင်စွာဆင်နွှဲ စည်းကမ်းလိုက်နာ ဘေးရန်ကင်းကွာ

မကြာမီကာလတွင် မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် ကုန်ဆုံး၍ ၁၃၆၈ ခုနှစ် နှစ်သစ်ဆီသို့ ကူးပြောင်းရောက်ရှိတော့မည်ဖြစ်သည်။

တန်ခူးလသည် မြန်မာတို့၏ နှစ်သစ်ကူးမင်္ဂလာအခါသမယဖြစ်သည်။ တန်ခူးလတွင် နှစ်သစ်ကူးသဖြင့် ပြည်သူတို့ ပို၍ရွှင်မြူးတက်ကြွနေကြမည် ဖြစ်သည်။ နှစ်သစ်ကူးသော သင်္ကြန်အခါဖြစ်၍ အတာရေကို အပြန်အလှန်ပက်ဖျန်းကြသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်သည် တိုင်းရင်းသားပြည်သူအားလုံး လူမျိုးဘာသာမရွေး ပါဝင်ဆင်နွှဲလေ့ရှိကြသည့် နှစ်သစ်ကူးပွဲတော်ကြီးလည်း ဖြစ်သည်။

ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် ရှေးထုံးအစဉ်အလာမပျက် ကျင်းပခဲ့သောပွဲတော်ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ဖျန်းကစားကြသည့် ပွဲတော်လည်းဖြစ်သည်။

မဟာသင်္ကြန်ကာလတွင် ရေပက်ဖျန်းကစားသည့် ယဉ်ကျေးမှုအစဉ်အလာမှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုများ တိုးပွားကာ နှစ်သစ်ကို မွန်မြတ်သန့်စင်စွာ ကြိုဆိုကြခြင်းဖြစ်သည်။

ယင်းကဲ့သို့ ယဉ်ကျေးသိမ်မွေ့စွာဆင်နွှဲလာခဲ့သော မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်သည် ယခုနှစ်ဆိုလျှင် ၁၃၆၇ ခုနှစ်သို့ပင်တိုင်ခဲ့ပြီဖြစ်သည်။

ရိုးရာမပျက်ယဉ်ကျေးမှုကို အစဉ်ထိန်းသိမ်းလျက် မြန်မာ့ရိုးရာအတာ သင်္ကြန်ပွဲတော်ကြီး အကျည်းတန်အရုပ်မဆိုးစေရေးအတွက် သင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲသူတိုင်းက သက်ဆိုင်ရာက ထုတ်ပြန်ထားသော စည်းကမ်းချက်များကို သတိပြုလိုက်နာကြရမည်ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုကိုရှေးရှုလျက် နှစ်သစ်ကို အတာရေပက်ဖျန်း၍ ကြိုဆိုကြမည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဒေါသများ ဖြစ်ပွားခြင်း၊ မူးယစ်ရမ်းကား၍ ကားများအပြိုင်အဆိုင်မောင်းနှင်ခြင်းများကြောင့် မလိုလားအပ်သည့် အန္တရာယ်များ မပေါ်ပေါက်ရေးအတွက် အတာရေသဘင်ပွဲ ဆင်နွှဲသူတိုင်းက သတိပြုထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကြီးတွင် ပါဝင်ရေကစားကြမည့်သူများအနေဖြင့် သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ရှားကာ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းရင်း ဘေးရန်ကင်းဝေးစေရေးအတွက် စည်းကမ်းတကျထိန်းသိမ်းကာ ပါဝင်ဆင်နွှဲသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကြီးမှူး ဂျုံဖြင့်ပြုလုပ်သော အာဟာရပြည့်ဝသည့်အစားအစာချက်ပြုတ်ပြိုင်

ရန်ကုန် ဧပြီ ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် ဂျုံဖြင့်ပြုလုပ်သော အာဟာရပြည့်ဝသည့် အစားအစာချက်ပြုတ်ပြိုင်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ခြင်း အခမ်းအနားကို မတ်၃၁ရက် နံနက်၉နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ထောက်ပံ့သော ဂျုံနှင့်စာရွက်စာတမ်းများကို ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်ထံ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ဦးအောင်ကျော်လွင်နှင့် ဦးရှောက်စန်း Yangon Crown Wire & Cable Co., Ltd. တို့က အလှူငွေကျပ် သုံးသိန်းစီကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံယူသည်။ **(အပေါ်ယာပုံ)**

ပေးအပ်ထောက်ပံ့

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်းရှိ မြို့နယ်၁၄မြို့နယ်မှ အဘိုး အဘွား ၂၈ဦးတို့အား ပုဆိုးနှင့်ယောဂီဝတ်စုံများ ပေးအပ်ထောက်ပံ့ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက အစားအစာအချက်အပြုတ်ပြိုင်ပွဲ စည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ယင်းနောက် သက်ကြီးအဘိုးအဘွားများနှင့်ကလေးငယ်များအတွက် အာဟာရပြည့်ဝသော အစားအစာများ ချက်ပြုတ်ပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ခရိုင်အတွင်းရှိ မြို့နယ်၁၄မြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ အစားအသောက် ချက်ပြုတ်ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သက်ကြီးရွယ်အိုများနှင့်ကလေးငယ်များအတွက် ဂျုံဖြင့်ပြုလုပ်သော အာဟာရချက်ပြုတ်ပြိုင်ပွဲ၌ ဆုရရှိသည့် မြို့နယ်များအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ခရိုင်အတွင်းရှိ မြို့နယ်၁၄မြို့နယ်မှ ကလေးငယ် ၂၈ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၈၀၀၀ကိုပေးအပ်ထောက်ပံ့ကြသည်။ **(သတင်းစဉ်)**

၂၀၀၅-၂၀၀၆ ပညာသင်နှစ် မူလတန်း သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်က အခြေခံပညာ မူလတန်းကျောင်း အမှတ်(၄၁) ရွှေပြည်သာ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက မောင်သန့်စင်ဦးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၆-၄-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၅ ၈။ ခါသင်္ကြန်အဆိုအကများ
- ၇:၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၆။ ခါသင်္ကြန်အဆိုအကများ
- ၄:၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၀၀ ၁၀။ မျိုးချစ်တပ်မတော်
- ၅:၂၀ ၁၁။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၃၀ ၁၂။ ခါသင်္ကြန်အဆိုအကများ
- ၅:၄၅ ၁၃။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၅။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၆။ မိုးလေဝသသတင်း
- ၆:၂၅ ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၈။ ကာတွန်းအစီအစဉ် **"ပါကျဲ"** အပိုင်း-၂၆(ဇာတ်သိမ်း)
- ၆:၅၀ ၁၉။ လျှပ်တစ်ပြက်
- ၇:၀၀ ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၁၃)
- ၈:၀၀ ၂၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၂၂)

ရွှေခြံဓမ္မရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၅

ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၁၃)ရပ်ကွက် ရှင်ထွေးညိုလမ်း မိုးကုတ်ဝိပဿနာ ရွှေခြံဓမ္မရိပ်သာကျောင်း၌ ဧပြီ၁၁ရက်မှ၁၇ရက်အထိ ခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေခြံဓမ္မရိပ်သာဆရာတော် ဦးဇာဂရိယနှင့်ဦးဝေပုလ္လအရှင်သူမြတ်တို့က ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အောင်ဆန်းသူရိယလှသောင်းကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၅

၁၉၆၁ခုနှစ်မှ ၁၉၇၂ခုနှစ် အောင်ဆန်းသူရိယ လှသောင်းကျောင်း (ဘော်ဒါ) ကျောင်းသားဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၂) မင်္ဂလာဒုံ လှသောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေ လှူဒါန်းလိုသူများသည် ဦးညွန့်ဝင်း ဖုန်း-၂၂၅၃၆၅၊ ဦးအောင်ငွေ ဖုန်း-၂၂၉၇၃၃၊ ဦးခင်ညိုကျော်အောင် ဖုန်း-၀၉ ၅၀၀၀၉၄၁နှင့် ဦးထင်အောင် ဖုန်း-၀၉ ၅၀ ၀၀၇၆၃ နှင့် ၂၄၄၆၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခြစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲ ဖွင့်ပွဲတွင် ခြစည်းရိုးကြက်ဆူမျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

မျိုးစေ့စုဆောင်းထားရှိမှု အခြေအနေနှင့် နှစ်အလိုက် ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးအေးလင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ် စိုက်ကွင်း၌ ခြစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက စီမံကိန်းလျာထားချက်များဖြစ်မြောက်အောင်မြင်ရေးအတွက် ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုမှသည် အသီးရင့်မှည့်ဆွတ်ခူးခြင်း၊ ကြိတ်ခွဲခြင်း၊ ထွက်ရှိသော ဇီဝဒီဇယ်များကို ဈေးကွက်တွင် ရောင်းချနိုင်သည်အထိ အစ၊ အလယ်၊ အဆုံး စနစ်တကျရှိစေရေးအတွက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများက အသိပညာပေးခြင်း၊ နည်းစနစ်များ ပြသပေးခြင်း၊လိုအပ်သည်များပံ့ပိုးကူညီ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းများကို ယခုကတည်းက အစီအမံများချမှတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် နေရာဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး စိုက်ပျိုးသူအပါအဝင် နိုင်ငံတော်ပါ အကျိုးရှိမည့် ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို ဒေသခံတိုင်းရင်းသားပြည်သူများ စိတ်ပါဝင်စားပြီး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြစေရန် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက လက်တွေ့သရုပ်ပြစည်းရုံး ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ခြစည်းရိုးကြက်ဆူပင် မျိုးစေ့များကို ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တပ်နယ်မိသားစုဝင်များအား ဝေငှပေးအပ်ပြီး တိုင်းမှူးနှင့်အတူ ကြက်ဆူပင်ပျိုးထောင်ပွဲအထိမ်းအမှတ်အဖြစ် ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသူများ၏ စိုက်ကွင်းအတွင်း ခြစည်းရိုးကြက်ဆူပင်မျိုးစေ့များနှင့် မျိုးကိုင်းများ ပျိုးထောင်စိုက်ပျိုးနေမှုများနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခြစည်းရိုးကြက်ဆူသီးမှ ဇီဝဒီဇယ်ဆီထုတ်လုပ်မှု၊ ယင်းဇီဝဒီဇယ်ဆီဖြင့် စက်များလက်တွေ့မောင်းနှင်သရုပ်ပြသမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၂၀၀၆ခုနှစ်၌ ခြစည်းရိုးကြက်ဆူပင် စုစုပေါင်း ၁၄၈၁၀၅ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ၅၅၄၂ ဧက စိုက်ပျိုးပြီးဖြစ်၍ မျိုးစေ့၊ ပျိုးပင်၊ မျိုးကိုင်း၂၅၇၀၀၀၀ကျော် ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်းနှင့်လျာထားချက်ပြည့်မီစွာစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထောက်ပံ့ငွေပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာ၍ ကျိုင်းတုံ–မိုင်းခွန်–မိုင်းခုတ်–မိုင်းဆတ်–မိုင်းတုံလမ်းပိုင်းအခြေအနေများကိုလည်းကောင်း၊ ပတ်ဝန်းကျင်ရှိ နွေစပါးစိုက်ခင်းများနှင့် ရော်ဘာစိုက်ခင်းများကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ပုံပါကျင်မြို့နယ် နားကောင်းမူကျေးရွာနှင့် မိုင်းတွမ်းမြို့တို့၌ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံမှာကြား၍ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၁၆ပေရှိ မိုင်းခုတ်မြို့သို့ရောက်ရှိပြီး မြို့နယ်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မိုင်းခုတ်တပ်နယ်ရှိ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မုဒုံမြို့နယ် ကမာဝက်ကျေးရွာမှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

● **ကျောဖုံးမှ**

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ပျိုးနိုင်မှု အခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လုပ်ငန်း လိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝင်းဖနုံ ရေလှောင်တမံသည် မုဒုံမြို့နယ် ဝင်းဖနုံချောင်းတွင် တည်ရှိပြီး ရေဆင်းဧရိယာ ၈ဒသမ၀၅ စတုရန်းမိုင်ရှိ၍ တမံအမြင့် ၁၇၈ပေ၊ တမံ အလျားပေ ၁၈၀၀ ရှိ မြေသားတမံ အမျိုးအစားဖြစ်သည်။ ကန်ရေပြင်ရေလှောင်တမံပမာဏ ၄၉၅၀၀ ဧကပေ၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ၇၅၀ ဧက၊သံကူကွန်ကရစ် ရေထုတ်ပြွန်အလျား၆၂၅ ပေ၊ အကျယ်လေးပေ၊ အမြင့်ခြောက်ပေ နှစ်ပေါက်ပါရှိပြီး ရေလွှဲဆည် အမျိုးအစားမှာ ကျောက်ဖြည့် ကွန်ကရစ် အမျိုးအစားဖြစ်ပြီး ရေလွှဲဆည် အကျယ် ၁၁၅ပေ၊ ရေလွှဲဆည်အမြင့် ၁၈၅၀ ပေဖြစ်ရာ တူးမြောင်းမကြီး တစ်ခုနှင့် လက်တံမြောင်း ကိုးခုဖြင့် ဆည်ရေသောက်ဧရိယာဧက ၁၃၀၀၀ ကို မိုးရာသီတွင် အောင်ရေလိုပါက ရေပေးသွင်းနိုင်ရန်နှင့် နွေစပါးဧက ၄၅၀၀၊ အခြားသီးနှံဧက ၅၀၀၀ကို ဆည်ရေပေးဝေရန် ရည်ရွယ်၍ တည်ဆောက်ထားရှိကြောင်းနှင့် ဆည်ရေကို အသုံးပြု၍ ယခုနှစ် နွေစပါး ၅၀၆၅ဧက စိုက်ပျိုးထားရှိကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဝင်းဖနုံဆည်ရေထိန်းသိမ်းထားရှိမှုနှင့် ရေထုတ်ပြွန်တို့ကိုလည်းကောင်း၊ ရေထိန်းတံခါးမှမြောင်းမကြီးအတိုင်း လက်တံမြောင်းများသို့ ရေပို့လွှတ် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် ကမာဝက် ရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့သွားရောက်၍ ရှင်းလင်းဆောင်တွင် ကမာဝက်ကျေးရွာမှ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တက်ညီလက်ညီ

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ကျေးလက်ဒေသများပါမကျန်ရအောင် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများသည်လည်း ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်မှုအရှိန်အဟုန်မြင့်မားလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖိဖိစီးစီးဆောင်ရွက်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်ကိုတည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေအပြည့်အဝရရှိစေရန် ကမာဝက် ရေထိန်းတံခါးကိုတည်ဆောက်ပေးလျက်ရှိရာ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပေးစေလိုကြောင်း၊ ယခုအခါ ခြစည်းရိုးကြက်ဆူဆီကို စက်သုံးဆီအဖြစ် စမ်းသပ်ထုတ်လုပ်နိုင်ပြီဖြစ်၍ ဒေသခံများအနေနှင့် ခြစည်းရိုးကြက်ဆူပင်ကို တိုးချဲ့ စိုက်ပျိုးသွားကြစေလိုကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ကမာဝက် ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးသည်။

ကမာဝက်ရေထိန်းတံခါး

ကမာဝက် ရေထိန်းတံခါးသည် မုဒုံမြို့ ကမာဝက်ချောင်းတွင်တည်ရှိပြီး ရေဆင်းဧရိယာ၂ဒသမ၆စတုရန်းမိုင်၊ ရေထိန်းတံခါးအမြင့် ၁၅ပေ၊ ရေထိန်းတံခါးအလျားပေ၉၀၊ ရေလှောင်ပမာဏ ၄၆၅ဧကပေ၊အသုံးပြုနိုင်သော ရေပမာဏ ၃၁၀ ဧကပေ၊ ခြောက်ပေ ပတ်လည်အရွယ်အစားရေထိန်းတံခါး ရှစ်ပေါက်ရှိပြီး ရေထိန်းတံခါးပြီးစီးပါက နွေရာသီတွင် သောက်သုံးရေ ဖူလုံစွာ ရရှိရေး၊ မီးဘေးအန္တရာယ် ကာကွယ်နိုင်ရေး၊ သီးနှံ၊နွေစပါးဧက ၁၅၀ စိုက်ပျိုးနိုင်ရေးနှင့် ပင်လယ်ရေငန် ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်ရေးတို့အတွက် ရည်ရွယ်ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်တို့သည် သထုံတပ်နယ် ဖွဲမာန်ဟိန်း ခန်းမ၌လည်းကောင်း၊ ကျိုက်ထိုတပ်နယ်ခန်းမဆောင်၌လည်းကောင်း၊ တပ်နယ်ရှိအရာရှိ၊စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကား အသီးသီး ပြောကြားကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကျိုက်ထိုမြို့နယ် ဝင်းကံ–သုံးခွ–ဆင်တွင်းလမ်း ဖောက်လုပ်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ လမ်းဖောက်လုပ်နေသော နယ်မြေခံ တပ်မတော်သားများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာသို့ ရောက်ရှိရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ရွှေကျင်မြို့နယ်တို့ကိုဆက်သွယ်သည့် ကျုံပကူးချောင်းကူးတံတားသစ်ကိုဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ရာသီမရွေးသွားလာနိုင်

ယင်းတံတားမှာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်း တပ်ဖွဲ့များမှ ဆောင်ရွက်ခဲ့ပြီး တံတားအရှည်ပေ ၂၀၀၊ အကျယ် ၁၆ ပေ ဘေလီသစ်သားတံတားဖြစ်၍ မော်တော်ယာဉ်များ ရာသီမရွေးသွားလာနိုင်သည့် တံတားဖြစ်သည်။

ထို့နောက် ရှင်းလင်းဆောင်တွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြတ်စိုးက ကျိုက်ထိုမြို့နယ်အတွင်း ဝင်းကံကျေးရွာ၌ ကျုံပကူးချောင်းတံတား၊ အခြေခံပညာမူလတန်းကျောင်းနှင့် ဝင်းကံ ၄ကျပ်ပျောတော လမ်းဆောင်ရွက်မှု လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးကျော်လင်းက ကျုံပကူးချောင်းတံတား ဆောက်လုပ်ခဲ့သည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လမ်းဖောက်လုပ်မှု၊ တံတားဆောက်လုပ်မှုနှင့် ပတ်သက်၍ လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဝင်းကံကျေးရွာ ကျုံပကူးချောင်း တံတားမှ ရွှေကျင်မြို့နယ် အတွင်းသို့ ဖောက်လုပ်လျက်ရှိသည့် လမ်းအခြေအနေနှင့် ပတ်သက်၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တည်ဆောက်ရေးနှင့် လမ်းဖောက်လုပ်ရေးလုပ်ငန်းများတွင်ပါဝင်ခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုငွေများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

အလှူငွေပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးကြပ် ဆောင်ရွက်လျက်ရှိသော ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး မှာကြားကာ ကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၆–ခုနှစ်၊ ဧပြီလ (၇) ရက်

ကမ္ဘာ့ကျန်းမာရေးနေ့

WORLD HEALTH DAY

ကျန်းမာစွမ်းအား ဖွံ့ဖြိုးဖို့ လက်တွဲပါဝင် ဆောင်ရွက်စို့

WORKING TOGETHER FOR HEALTH

ကျန်းမာရေးဝန်ကြီးဌာန

တရုတ်ပြည် ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ် တရုတ်အစိုးရနှင့် ပြည်သူတို့ ရွေးချယ်ထား

ကင်ဘာရာ ဧပြီ ၅

တရုတ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှုမှာ သဘောသဘာဝအားဖြင့် ငြိမ်းချမ်းခြင်း၊ ပွင့်လင်းခြင်းနှင့် ပါဝင်ပူးပေါင်း ဆောင်ရွက်ခြင်း သဘောဆောင်ကြောင်းဖြင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ကင်ဘာရာမြို့၌ ဧပြီ ၃ရက်က ပြောကြားလိုက်သည်။

သြစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က ၎င်းအား တည်ခင်းကျွေးဆိုသည့် ညစာစားပွဲ၌ တရုတ်ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်။

ဖွံ့ဖြိုးတိုးတက်ရေးဖြစ်

ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ဆက်လက်ပြောကြားရာ၌ တရုတ်ပြည် ပိုမိုအင်အားတောင့်တင်းခိုင်မာလာသည်နှင့်တစ်ပြိုင်နက် တရုတ်ပြည်က မည်သို့သော အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကို လျှောက်လှမ်းမည်နည်း၊ နိုင်ငံတကာ အသိုက်အဝန်းအတွက် တရုတ်က မည်သို့သော တာဝန်များယူမည်နည်း၊ တရုတ်ပြည်အနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် အင်အားတစ်ခုဖြစ်လာမည်လော စသည့် မေးခွန်းများကို ပြည်သူတွေက မေးနေကြကြောင်း၊ တရုတ်ပြည်လျှောက်လှမ်းသည့်လမ်းစဉ်မှာ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပင် ဖြစ်ကြောင်း။

တံခါးဖွင့်ထား

အနှစ်သာရအားဖြင့် ကိုယ်တိုင်ဖွံ့ဖြိုးရေးမှ တစ်ဆင့် ငြိမ်းချမ်းသော နိုင်ငံတကာ ပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မြှင့်တင်ရန် လုပ်ဆောင်ရင်း နိုင်ငံဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ တရုတ်ပြည်သည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိစွမ်းပကား၊ ပြုပြင်ပြောင်းလဲမှုနှင့် ဆန်းသစ်ပြောင်းလဲမှုအပေါ် အဓိက တည်မှီရပ်တည်ကြောင်း၊ တစ်ချိန်တည်း မှာပင် တရုတ်ပြည်သည် ပြင်ပကမ္ဘာကို တံခါးဖွင့်ထားကြောင်း။

ကတိပေးထားပြီးဖြစ်

အချုပ်အားဖြင့်ဆိုသော် တရုတ်ပြည်က ဤငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကို ရွေးချယ်ခြင်းမှာ တရုတ်အစိုးရက တရုတ်ပြည်သူတို့အား ဤလမ်းကြောင်းကို အလေးအနက် ရွေးချယ်ထားပြီး လျှောက်လှမ်းရန် ကတိပေးထားပြီး ဖြစ်သည့်အတွက် ဖြစ်ကြောင်း ရှင်းလင်းပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ သတင်းများ

နျူကလီးယားအစီအစဉ်များစစ်ဆေးရန် ကုလစစ်ဆေးရေးမှူးများ အီရန်သို့သွားမည်

တီဟီရန် ဧပြီ ၅

အီရန်နိုင်ငံ နျူကလီးယားအစီအစဉ်၌ အကျုံးဝင်သည့်နေရာများကို ပုံမှန်စစ်ဆေးရန် အိုင်အေအီးအေ၏ စစ်ဆေးရေးအဖွဲ့သစ်တစ်ဖွဲ့သည် အီရန်သို့ လာမည့်ရက်သတ္တပတ်အတွင်း သွားရောက်ကြမည်ဟု အိုင်အာရ်အင်အေသတင်း ဌာနက ဧပြီ ၃ရက်တွင် ကြေညာသည်။

လာရောက် စစ်ဆေးမှုများမှာ နျူကလီးယား မပြန့်ပွားရေး စာချုပ် (အင်န်ပီတီ)အရသာလျှင် လာရောက်စစ်ဆေးမှာ ဖြစ်ကြောင်း အိုင်အေအီးအေ ဆိုင်ရာ အီရန်သံအမတ်ကြီး အလီအက်ရှဂါက ပြောကြားသည်။

ပြောကြား

မတ်လက အိုင်အေအီးအေ ဆုံးဖြတ်ချက်ချမှတ်ထားသည့်ကြားမှ ပင် အီရန်နိုင်ငံက အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရပ်ဆိုင်းမပစ်သလို အိုင်အေအီးအေ စစ်ဆေးရေးမှူးများကလည်း အီရန်သို့ ပုံမှန်လာရောက်စစ်ဆေးမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မတ်လက အိုင်အေအီးအေ ဆုံးဖြတ်ချက်မှာ အီရန်နျူကလီးယား အစီအစဉ်အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ လွှဲအပ်ရန် မတ် ၈ရက်က အိုင်အေအီးအေ ဆုံးဖြတ်လိုက်ခြင်းကို ဆိုလိုခြင်း ဖြစ်သည်။

အတည်ပြု

လုံခြုံရေးကောင်စီသည် ရက်သတ္တသုံးပတ်ကြာ အကြိတ်အနယ် ဆွေးနွေးပြီးနောက် အီရန်အနေဖြင့် ယူရေနီယံ သန့်စင်ရေလုပ်ငန်းကို ရက် ၃၀အတွင်း ရပ်ရန် တိုက်တွန်းလျက် မတ် ၂၉ရက်တွင် စည်းနှောင်မှုမရှိသော ကြေညာချက်ကို အတည်ပြုလိုက်သည်။

ပြစ်တင်ဝေဖန်

အီရန်က ဖိအားပေး အနိုင်ကျင့်မှုကို မည်သည့်အခါမျှ ခေါင်းငုံ့ခံမည် မဟုတ်ကြောင်း သန္နိဋ္ဌာန် ချမှတ်လျက် လုံခြုံရေး ကောင်စီ၏ စွက်ဖက်မှုကို ပြစ်တင်ဝေဖန်လိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်ရှေးဟောင်း စာအုပ်စာပေများ မပျက်စီးရေး အီဂျစ်၏ ပိရမစ်နံရံထိန်းသိမ်းနည်းပညာ အသုံးပြုသွားမည်

ပေကျင်း ဧပြီ ၅

တရုတ်နိုင်ငံသည် ၎င်း၏ ရှေးဟောင်းစာအုပ်စာပေများ လုံခြုံစိတ်ချစေရေးအတွက် ပိရမစ်များရှိ နံရံဆေးရေးပန်းချီများကို မူလအခြေအနေအတိုင်း ထိန်းသိမ်းရန်အသုံးပြုသည့် အီဂျစ်နည်းပညာကို ငှားရမ်းအသုံးပြုမည်ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ရှေးဟောင်းတရုတ်စာပေများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အကယ်၍ နည်းပညာဖြင့်ပြုပြင်မှုမရှိလျှင် တရုတ်နိုင်ငံ၏ ရှေးဟောင်းစာအုပ်စာပေများမှာ အက်စစ်စားသည့်ဒဏ်ကြောင့် နှစ်ပေါင်းတစ်ရာအတွင်း ပျက်စီးသွားနိုင်ကြောင်း တရုတ်နိုင်ငံ အမျိုးသား စာကြည့်တိုက်၏ ရှားပါးစာအုပ်များဌာန ညွှန်ကြားရေးမှူး ရှန်ရှီကျင်က ပြောကြားသည်။

မှတ်ချက်ချခဲ့

မစ္စတာရှန်သည် တရုတ်နိုင်ငံ အရှေ့ဘက် ကျန်စုပြည်နယ်၏ မြို့တော် နန်ကျင်းတွင် မကြာမီက ကျင်းပခဲ့သည့် ရှေးဟောင်းစာအုပ်စာပေများ ကာကွယ်ရေးနည်းပညာဆိုင်ရာ တရုတ်နှင့်အီဂျစ် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် ယင်းသို့ မှတ်ချက်ချခဲ့ခြင်း ဖြစ်သည်။

လိုအပ်လျက်ရှိ

တရုတ်နိုင်ငံတွင် ရှေးဟောင်းစာအုပ်စာပေများ မြောက်မြားစွာရှိပြီး စာအုပ်များစွာမှာ ပုံပျက်ပန်းပျက် ဖြစ်လျက်ရှိသည်။ ၎င်းတို့အနက် သုံးပုံတစ်ပုံသည် ပြုပြင်ရန် လောလောဆယ် လိုအပ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ပြုပြင်ရေး

တရုတ်နိုင်ငံသည် ရှေးဟောင်းစာအုပ်စာပေများ ပြုပြင်ရေးအတွက် တရုတ်ရိုးရာ နည်းပညာတွင် ဓာတုပစ္စည်းများ ပေါင်းစပ်အသုံးပြုသော်လည်း အက်စစ်စားမှုများ ဖြစ်ပွားလျက်ပင်ဖြစ်ကြောင်း မစ္စတာရှန်က ရှင်းပြသည်။

မိမိတို့သည် ပိရမစ်များ၏ နံရံဆေးရေးပန်းချီများ ပြုပြင်ရေးတွင် ၎င်းတို့ အသုံးပြုသည့် အီဂျစ်နည်းပညာကို ယခုအခါ ငှားရမ်းအသုံးပြုလျက်ရှိကြောင်း ဖိုရမ်ကျင်းပရေး ဆော်ဩသူ ဒိုင်ဆူယန်က ပြောကြားသည်။

စေလွှတ်မည်

တရုတ်နိုင်ငံသည် ရှေးဟောင်း နည်းပညာများ လေ့လာရန်အတွက် အီဂျစ်နိုင်ငံသို့ ကျောင်းသားများ စေလွှတ်မည်ဖြစ်ပြီး အီဂျစ်ကျွမ်းကျင်ပညာရှင်များကလည်း တရုတ်နိုင်ငံအား ယင်းနယ်ပယ်၏ အတတ်ပညာပိုင်းဆိုင်ရာများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။**အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန် လေကြောင်းလုံခြုံရေးအရာရှိနှစ်ဦး ကိုကင်းမှောင်ခိုရန်ကြံစည်မှုဖြင့် ဖမ်းဆီးခံရ

ဟူစတန် ဧပြီ ၅

အမေရိကန်လေကြောင်းခရီး လုံခြုံရေးအရာရှိနှစ်ဦးသည် လေဆိပ်လုံခြုံရေး ရှင်းလင်းရန် ၎င်းတို့၏ အခွင့်အာဏာကို အသုံးချပြီး ကိုကင်းမူးယစ်ဆေးဝါးများ မှောင်ခိုရန် ကြိုးပမ်းမှုတွင် အပြစ်ရှိကြောင်း ဧပြီ ၃ရက်က ဝန်ခံလိုက်ကြသဖြင့် ထောင်ဒဏ်တစ်သက် ကျခံဖွယ်ရှိကြောင်း အမေရိကန်ပြည်ထောင်စု အစိုးရရှေ့နေများက ပြောကြားသည်။

သဘောတူခဲ့

သတင်းကြီး၍ ထောင်ဖမ်းသည့်အမှု၌ မိသူများမှာ အမေရိကန်လေကြောင်းခရီးလုံခြုံရေးအရာရှိ ရှောင်ရေးငယင် (၃၈နှစ်)နှင့် ဘာရိုင်းရှိုလာ (၃၂နှစ်)တို့ဖြစ်သည်။ ၎င်းတို့သည် အမေရိကန်ဒေါ်လာ ၇၅၀၀၀ဖြင့် ကိုကင်း၁၅ကီလိုကို ဟူစတန်မှ လပ်ဗီးဂတ်စ်သို့ သယ်ပေးရန် သဘောတူခဲ့ကြသည် ဆို၏။

အပြစ်ကျူးလွန်

၎င်းတို့နှစ်ဦးအား လေကြောင်းလုံခြုံရေးအရာရှိများအဖြစ် ၂၀၀၂ခုနှစ်တွင် ခန့်အပ်ခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးသည် ကိုကင်းများ လက်ဝယ်ထားရှိပြီး သယ်ဆောင်ရန် ပူးပေါင်းဆောင်ရွက်မှု၊ လာဘ်ယူမှုတို့ဖြင့် အပြစ်ကျူးလွန်ကြခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရရှေ့နေ ဒွန်ကာဘရီးရဲက ပြောကြားသည်။

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက် အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် အမေရိကန်ပြည်ထောင်စုသည် လေဆိပ်လုံခြုံရေးကို အကြီးအကျယ် တိုးချဲ့ခဲ့ပြီး လေယာဉ်အပိုင်စီးမည်ကို ဟန့်တားရန် လေကြောင်းခရီးစဉ်များတွင် လေကြောင်း လုံခြုံရေးအရာရှိများကိုပါ လိုက်ပါစောင့်ရှောက်စေသည် ဆို၏။

အမ်အင်အေ၊ရိုက်တာ

ရေခဲပြင်စကိတ်စီး

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ရေခဲပြင်စကိတ်စီး သင်တန်းကျောင်းတွင် ဂျပန်ကလေးငယ်များ လေ့ကျင့်နေသည်ကို ဧပြီ ၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဂွမ်တာနာမိုအကျဉ်းသားများ၏ ဖိုင်တွဲများ အမေရိကန်စစ်ဌာနချုပ်ထုတ်ပြန်

ဝါရှင်တန် ဧပြီ ၅

အမေရိကန်စစ်ဌာနချုပ်က ဂွမ်တာနာမိုအကျဉ်းသားများ၏ သတင်းအချက်အလက်များကို လေးနှစ်ကြာ ပိတ်ဆို့ခဲ့ပြီးနောက် ယခုအခါတွင် သဘောထားပြောင်းလာကာ စာမျက်နှာ ၂၆၀၀ပါရှိသည့် အကျဉ်းသား အများအပြားနှင့် သက်ဆိုင်သော စာရွက်စာတမ်းအထောက်အထားဖိုင်တွဲများကို တနင်္လာနေ့က ထုတ်ပြန်လိုက်သည်။

စိုးရိမ်ခြင်းကြောင့်ဖြစ်

ဂွမ်တာနာမိုအကျဉ်းစခန်းရှိ နိုင်ငံခြားသား မသင်္ကာဖွယ်ရာ အကြမ်းဖက်သမားများမှာ မည်သူမည်ဝါများဖြစ်ကြောင်း ဖော်ပြသည့် အထောက်အထား စာရွက်စာတမ်းများထုတ်ပြန်ရန် အမေရိကန်စစ်ဌာနချုပ်သည် ယေဘုယျငြင်းဆန်ခဲ့သည်ချည်း ဖြစ်သည်။ ယင်းသို့ဖြစ်ရခြင်းမှာ မည်သူမည်ဝါများကို ဖမ်းဆီးထားကြောင်း အယ်လ်ခိုင်ဒါအဖွဲ့ကဲ့သို့သော အုပ်စုများ မသိစေရန် လုံခြုံရေးအရ စိုးရိမ်ခြင်းကြောင့် ဖြစ်သည်ဟု ဆို၏။

ကြိုးပမ်းခြင်းဖြစ်

ယခုကဲ့သို့ အထောက်အထား စာရွက်စာတမ်းများ ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ အမေရိကန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ဘရိုင်ယင်ဝှစ်မင်းက ပွင့်လင်းမှုရှိရေး ကြိုးပမ်းခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။

အသနားခံလွှာထုတ်ပြန်

အမေရိကန်စစ်ဌာနချုပ်က အကျဉ်းသားများ အကျဉ်းချထားခံနေရမှုကို သုံးသပ်သည့် ၂၀၀၅ခုနှစ် ဒုတိယနှစ်ဝက်မှစတင်သော စစ်ဘက်ကြားနာမှု မှတ်တမ်းများနှင့် ၎င်းတို့၏ ရှေ့နေများက တင်သွင်းသည့် အသနားခံလွှာများကို ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

၂၀၀၂ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွင့်လိုက်သည့် ဂွမ်တာမိုအကျဉ်းစခန်းနှင့် အကျဉ်းသား ၄၉၀ရှိကြောင်း ဘရိုင်ယင်ဝှစ်မင်းက ပြောကြားသည်။

ပြစ်တင်ရှုတ်ချ

ဂွမ်တာနာမိုအကျဉ်းစခန်း၌ အကျဉ်းသားများအား ရက်အကန့်အသတ်မရှိ ချုပ်နှောင်ထားမှု၊ အကျဉ်းသားများ၏ အခွင့်အရေးများပိတ်ပင်မှုတို့နှင့်ပတ်သက်၍ လူ့အခွင့်အရေးအဖွဲ့များက အမေရိကန်အစိုးရကို ပြစ်တင်ရှုတ်ချကြသည်။ ၎င်းအကျဉ်းသားများအနက် ၁၀ဦးကိုသာ ပြစ်မှုဖြင့် စွဲချက်တင်သည်ဟု ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အန်ကာဘုရားကျောင်းအား တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘောဒီးယား အန်ကာဘုရားကျောင်းဝင်းအတွင်း ယာဉ်ကြီးများသွားလာမှု ဧပြီ၁ရက်မှစတင်ပိတ်ပင်တားမြစ်

ဖနောင်ပင် ဧပြီ ၅

ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကာဘုရားကျောင်း ပရိဝုဏ်အတွင်း ဧပြီလအစပိုင်းမှစတင်၍ ကြီးမားသည့် ယာဉ်များသွားလာခြင်းကို ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း ဒေသခံမီဒီယာက ဧပြီ ၃ရက်က ဖော်ပြသည်။

ဧပြီ၁ရက်မှစ၍ အနံ ၂မီတာနှင့် အမြင့် ၃မီတာ သို့မဟုတ် ကုန်တန်ချိန် ၃တန်ထက်ပိုသော ယာဉ်များနှင့် ကမ္ဘာလှည့်ခရီးသည်များ မပါသည့် မည်သည့်ဒေသခံယာဉ်များမဆို ထိုင်ခုံ ၂၄ခုံထက်ကျော်သော ကမ္ဘာလှည့်ခရီးသည်တင် မည်သည့် ဘတ်စ်ကားများမဆို အန်ကာဘုရားကျောင်းပရိဝုဏ်အတွင်း သွားလာခွင့်ပြုတော့မည် မဟုတ်ကြောင်း ကမ္ဘာ့လူသိများ ကျော်ကြားသည့် အန်ကာဘုရားကျောင်းများအား စီမံခန့်ခွဲလျက်ရှိသော ကမ္ဘောဒီးယား သက်ဆိုင်ရာ အာဏာပိုင်များက သတိပေးကြေညာခဲ့သည်။

တားဆီးပိတ်ပင်

တားဆီးပိတ်ပင်ရခြင်းမှာ ရှေးဟောင်း အခြေခံအဆောက်အအုံ၏ လမ်းများနှင့် ရေနုတ်မြောင်းစနစ်များသည် ယာဉ်အသွားအလာလွန်ကဲမှုကြောင့် ခွင့်မပြုနိုင်စရာ အန္တရာယ်ရှိနေသဖြင့် ယင်းသို့ ပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း အာဏာပိုင်များက ရှင်းပြသည်။

ပြောကြား

၎င်းပြင် ယာဉ်များ၏ တုန်ခါမှုနှင့် မီးခိုးများကလည်း ပရိဝုဏ်အတွင်းရှိ ဘုရားကျောင်းများ၏ ကျောက်တုံးများကို ရိုက်ခတ်မှုရှိစေပြီး ကျဉ်းမြောင်းသည့်လမ်းများကလည်း အလာအသွားယာဉ်များအတွက် အခက်အခဲဖြစ်စေကာ ယာဉ်ပိတ်ဆို့မှုများနှင့် မြေပြိုကျမှုများ ဖြစ်ပွားစေကြောင်း ၎င်းတို့က ပြောကြားသည်။

ပိတ်လိုက်ရ

၎င်းပြင် အင်ကာ ဗိသုကာဆိုင်ရာ ဥယျာဉ်အတွင်း ကုန်တန်ချိန် ၂၀ထက်ကျော်သော မည်သည့်ယာဉ်ကိုမဆို အာဏာပိုင်များက ထပ်ဆင့် ပိတ်ပင်တားမြစ်လိုက်ပြီး ယင်းဒေသ အတွင်း သွားလာခွင့်ပြုလိုက်သည့် မည်သည့် ယာဉ်ဖြစ်စေ ရပ်လျှင်ရပ်ချင်း အင်ဂျင်စက်ကိုပါ ပိတ်လိုက်ရမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆွီဒင်နိုင်ငံ၌ ဂေါ်ဇီလာလူဝံ ပထမဆုံးမွေးဖွား

စတော့ဟုမ်း ဧပြီ ၅

ဆွီဒင်နိုင်ငံတောင်ပိုင်းရှိ အကြီးဆုံးတိရစ္ဆာန်ဥယျာဉ်တွင် ဂေါ်ဇီလာလူဝံကလေးတစ်ကောင် ပထမဆုံး မွေးဖွားခဲ့ကြောင်း တိရစ္ဆာန်ဥယျာဉ်က ဧပြီ ၁ ရက်တွင် ပြောကြားသည်။

ကျန်းမာစွာရှိ

ကိုလ်မာဒင်တိရစ္ဆာန် ဥယျာဉ်၌ မွေးဖွားခဲ့သည့် မျက်နှာသစ်လူဝံကလေးကို ဧပြီ ၁ ရက် စောစောပိုင်းက မွေးဖွားခဲ့ခြင်းဖြစ်ပြီး ယခုအခါ အဆိုပါ လူဝံကလေးနှင့် ၎င်း၏ မိခင် နာအိုမီတို့မှာ ကျန်းမာစွာရှိကြောင်း တိရစ္ဆာန်ဥယျာဉ်မှ အရာရှိများက ပြောကြားသည်။

မသိရှိရသေး

တိရစ္ဆာန်ဥယျာဉ် ထိန်းသိမ်းစောင့်ရှောက်သူများက စစ်ဆေးရန်အတွက် မိခင်နာအိုမီထံမှ ယခုမှ ခေါ်ဆောင်လာသဖြင့် အထီးလား အမလား မသိရှိရသေးကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါလူဝံကလေးကို အမည်ပေးပြီး မေလတွင် လူထုကို ပြသခွင့်ပေးမည်ဖြစ်ကြောင်း အရာရှိများက ပြောကြားသည်။

မွေးဖွားလေ့ရှိ

ကမ္ဘာပေါ်ရှိ တိရစ္ဆာန်ဥယျာဉ်များတွင် နှစ်စဉ် ဂေါ်ဇီလာလူဝံ ငါးကောင်မှ ၁၀ ကောင် အထိ မွေးဖွား–လေ့ရှိကြောင်း၊ ကိုလ်မာဒင်တိရစ္ဆာန် ဥယျာဉ်တွင်လည်း လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကပင် ဂေါ်ဇီလာလူဝံများ ထပ်မံထားရှိခဲ့သော်လည်း ယခုကဲ့သို့ အသစ်မွေးဖွားမှု မရှိခဲ့ဖူးကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံးကြိုး

ကမ္ဘာ့အကြီးဆုံး ကြိုးကို လူများနှင့် ယှဉ်၍ ဤသို့ တွေ့ရသည်။ (အပေါ်ပုံ)

ဂျပန်နိုင်ငံ အိုကီနာဝါမြို့မှ ရိုးရာဓလေ့ လွန်ဆွဲပွဲကော်မတီက ထိန်းသိမ်း စောင့်ရှောက်ထားသည့် ၁၉၉၇ ခုနှစ်၌ ဂင်းနက်စ်မှတ်တမ်းတွင် ကမ္ဘာ့အကြီးမားဆုံး ကြိုးအဖြစ် သတ်မှတ်ခံထားရသည့် ကြိုးဖြစ်သည်။ **(အင်တာနက်)**

ဘောလ်ပင်များ သိန်းချီစုဆောင်းခဲ့သူ

ဘောလ်ပင်များ စုဆောင်းသူတစ်ဦးကို ၎င်းစုဆောင်းထားသော ဘောလ်ပင်များနှင့်အတူ တွေ့ရစဉ်။ (ယာပုံ)

ဂျာမနီနိုင်ငံမှ အန်ဂီလီကာဆိုသူသည် ကလေးဘဝကတည်းမှစ၍ ဘောလ်ပင်များကို စုဆောင်းခဲ့သည်။ ယခုအခါ နိုင်ငံပေါင်း ၁၄၆နိုင်ငံမှ ဘောလ်ပင် အချောင်းပေါင်း နှစ်သိန်းနှစ်သောင်းကျော် စုဆောင်းထားပြီးကြောင်းသိရသည်။ **(အင်တာနက်)**

ကြီးဝိုင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၁ ရက်နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် မိုးစွေသုတေသနသစ်မျိုးစုံစိုက်ခင်းသို့ ရောက်ရှိလာရာ သစ်တောသုတေသန ညွှန်ကြားရေးမှူး ဦးထွန်းပေါ်ဦးက သစ်မျိုးစုံစိုက်ခင်း၌ ကျွန်း၊ ပျဉ်းကတိုး၊ ရေမနေ စသည်ဖြင့် အဖိုးတန်သစ်မျိုး ၁၃ မျိုးကို ရောနှောစိုက်ပျိုးပြီး သုတေသနပြုလုပ်ထားကြောင်း ရှင်းလင်းတင်ပြသည်။

တိုးချဲ့စိုက်ပျိုး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိုးစွေသစ်တော သုတေသနစခန်း အမှတ်(၅)သို့ သွားရောက်ပြီး တာဝန်ရှိသူများ၏တင်ပြချက်အပေါ် ဝန်ကြီးက သုတေသနစခန်းသည် နေပြည်တော်နှင့် နီးပြီဖြစ်၍ နိုင်ငံတကာအဆင့်မီ သုတေသနနှင့်လေ့ကျင့်ရေးဌာန အပန်းဖြေနေရာများအဖြစ်တိုးမြှင့်ပြီး သုတေသနစိုက်ခင်းများ၊ စီးပွားရေးစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကြိုးဝိုင်း ၂၀၀၄-၂၀၀၅ သီးခြားကျွန်းစိုက်ခင်းဧက ၃၀၀ နှင့် ၂၀၀၅-၂၀၀၆ သီးခြားကျွန်းစိုက်ခင်းဧက ၈၀၀ သို့ရောက်ရှိပြီး တာဝန်ရှိသူများအား ဝန်ကြီးက စိုက်ခင်းများအောင်မြင်ရေး၊ သစ်ခိုးထုတ်မှု ပပျောက်ရေးကိစ္စများ ဆောင်ရွက်ရန် မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၂ ရက် နံနက်ပိုင်းတွင် မကွေးမြို့ မြန်မာ့သစ်လုပ်ငန်းရုံး၌ မကွေးမြို့မှ သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများအား လုပ်ငန်းများကို စေတနာထားကာ လာဘ်ပေးလာဘ်ယူကင်းရှင်းစွာဆောင်ရွက်ရေးနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် မကွေးမြို့နယ် ဒေါင်းနေ ကြိုးပြင်ကာကွယ်တောတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ စိုက်ပျိုးထားရှိသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ကျေးထင်း ၃၉၅ ဧကသို့ ရောက်ရှိလာရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မိုးရာသီတွင် သေပင်များအား ဖာထေးရန်နှင့် ကြက်ဆူပင်များ ကြားညှပ်စိုက်ပျိုးရန် မှာကြားသည်။

ဆက်လက်ပြီး ဝန်ကြီးနှင့်အဖွဲ့သည် ရေနံချောင်းမြို့နယ် ဖန်ခါးစမ်း ဒေသ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ပျိုးဥယျာဉ် ရှင်းလင်းဆောင်သို့ သွားရောက်ပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ပျိုးဥယျာဉ်အတွင်းရှိ မိုးရာသီတွင် စိုက်ပျိုးမည့် ပျိုးပင်များနှင့် ကြက်ဆူပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ရွှေပုံတောင်ပျိုးဥယျာဉ်ရှိ တမာစိုက်ခင်းများအတွင်း ကြက်ဆူပင် ရောနှော စိုက်ပျိုးအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အခြားစိုက်ခင်းများတွင်လည်း ကြက်ဆူပင်များ ရောနှောစိုက်ပျိုးရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပုံတောင် တမာစိုက်ခင်း ဧက ၉၅၀ ရှင်းလင်းဆောင်သို့ သွားရောက်ပြီး တမာပင်ကြီးများကို နေရာပြောင်းရွှေ့စိုက်ပျိုးရေး မှာကြားကာ ကွန်ဒိုဘန်းဖြင့် အပင်ကြီးများ စိုက်ပျိုးအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ရိုးရာသင်္ကြန်ပွဲ စည်ကားစွာနွှဲပျော်မည်

ရန်ကုန် ဧပြီ ၅

လှိုင်သာယာမြို့တွင် ဒုတိယအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲကို အောင်မြေသာယာဘုရားရှေ့ တံတားဖြူမှတ်တိုင် ညောင်တုန်းလမ်းမကြီးပေါ်တွင် စည်ကားစွာကျင်းပမည်ဖြစ်သည်။

ရခိုင်ရိုးရာ သင်္ကြန်ပွဲကို လောင်းလှေကြီးများဖြင့် ရေပက်ကစားကြမည်ဖြစ်ပြီး ရခိုင်ရိုးရာ အဆိုအကများဖြင့် ဖြေဖျော်ကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သံအမတ်ကြီး ဦးထိန်ဝင်းအား ပူးတွဲခန့်အပ်

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးထိန်ဝင်းအား ချီလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးသန်းထွန်း ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဧပြီ ၆

ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန်းထွန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ ခုနှစ် မတ် ၉ ရက်တွင် အေသင်မြို့၌ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကရိုလို့စ်၊ ပါပူးလီယပ်စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ပဉ္စမအကြိမ် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ရွှေနေချုပ်ရုံးဓမ္မာရုံ၌ သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း(၂)လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့်ရှိ ရွှေနေချုပ်ရုံးဓမ္မာရုံတွင် အသက်ခြောက်နှစ်မှ ၁၂ နှစ်အရွယ်ရှိ ကျောင်းသား ကျောင်းသူလူငယ်များအတွက် ပဉ္စမအကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဧပြီ၂၄ ရက် (တနင်္လာနေ့)မှ မေ ၉ ရက်အထိ (အင်္ဂါနေ့) နေ့စဉ်နံနက် ၇ နာရီမှ ၈ နာရီခွဲအထိ ဓမ္မဒါနအဖြစ် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသော ကျောင်းသား ကျောင်းသူလူငယ်များ၏ မိဘအုပ်ထိန်းသူတို့သည် ဧပြီ ၈ ရက်၊ ၉ ရက်နှင့် ၂၂ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း အထက်ပါဓမ္မာရုံတွင် ဓာတ်ပုံနှစ်ပုံနှင့်အတူ ကြိုတင်စာရင်းပေးသွင်းနိုင်ကြသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၆၁၂၀(ရုံးချိန်)၊ ၃၈၄၅၁၆(ရုံးချိန်)နှင့် ၀၉၅၁၂-၈၅၃၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဧပြီ ၁ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းမိသားစုက သမီး မသင်းသီတာမင်း၏မွေးနေ့အလှူအဖြစ် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၃၁ ဦးတို့အား လှူဖွယ်ပစ္စည်းများနှင့် ငွေပဒေသာပင်အတွက် ငွေကျပ် ၁၃၀၀၀၀ လှူဒါန်းပြီး အဘိုး အဘွားများအား တစ်နေ့တာကျွေးမွေးလှူဒါန်းစဉ်။ (က-ပ)



နဂါးငွေ့တန်းရှိ ကြယ်စုများဖြစ်ပေါ်လာပုံ

ဖော်ပြပါဓာတ်ပုံမှာ ဟာဘယ်မှန်ပြောင်း၏ အထူးကင်မရာမှ ရိုက်ကူးထားသော ကြယ်တာရာအစုအဝေးများ၏ ပုံဖြစ်သည်။ **(အပေါ်ပုံ)**

နာဆာအဖွဲ့၏ ဟာဘယ်အာကာသမှန်ပြောင်းသည် နဂါးငွေ့တန်းကြယ်စုများအတွင်းရှိ ဖုန်မှုန့်များနှင့် ဓာတ်ငွေ့များထူထဲစွာရှိနေမှုကို ဓာတ်ပုံရိုက်ယူခဲ့ခြင်းဖြစ်သည်။

ယင်းကြယ်တာရာအစု ဖုန်မှုန့်သည် နဂါးငွေ့တန်းအတွင်း ကြယ်တာရာများဖြစ်ပေါ်လာစေရန်အတွက် သိပ်သည်းသော ဒြပ်စင်များဖြစ်လာကြသည်။ ၎င်းဒြပ်စင်များ စုစည်းသိပ်သည်းလာသဖြင့် နဂါးငွေ့တန်းအတွင်း ကြယ်စုများနှင့် ကြယ်တာရာများဖြစ်ပေါ်လာရသည်ဟု ဆိုသည်။

အဆိုပါ ကြယ်တာရာအစုအဝေးများဖြစ်ပေါ်လာမှုကို နာဆာအဖွဲ့က ၂၀၀၅ ခုနှစ် အောက်တိုဘာလက လေ့လာပြုလုပ်ခဲ့ရာ ယခုနှစ် ဧပြီ ၄ ရက်က ကြယ်တာရာများ စုဝေးဖြစ်ပေါ်ခြင်းနှင့်စပ်လျဉ်းပြီး နာဆာအဖွဲ့က ဓာတ်ပုံနှင့်တကွ ယင်းကဲ့သို့ထုတ်ပြန်ပေးနိုင်ခဲ့သည်။ **(ကိုးကား-အင်တာနက်)**

တရုတ်မှ ရှားပါးရွှေရောင်မျောက်သားအမိ

တရုတ်နိုင်ငံ၌ ရွှေရောင်မျောက်မျိုးစိတ်သည် အလွန်ရှားပါးသည့် မျောက်မျိုးစိတ်ဖြစ်လာပြီး ယင်းနိုင်ငံက အဆိုပါမျောက်မျိုးစိတ်များ မျိုးမသုဉ်းစေရေးအတွက် အထူးကာကွယ်စောင့်ရှောက်လျက်ရှိသည်။

အောက်ပုံ မှာ တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ဂျီနန်တိရစ္ဆာန်ဥယျာဉ်၌တွေ့ရသော ရွှေရောင်မျောက်သားအမိ ကြင်နာယုယနေကြခြင်းဖြစ်သည်။

ယခုအခါ အဆိုပါမျောက်ငယ်မှာ တစ်လသားအရွယ်သာရှိပြီး တိရစ္ဆာန်ရုံလာ ပြည်သူများအား ပထမဆုံးအကြိမ် ပြသခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ရွှေရောင်မျောက်မျိုးစိတ်ကို မျိုးမသုဉ်းစေရေးအတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များက အထူးကြပ်မတ် စောင့်ရှောက်ထားကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

ဂျပန်၌ မိုဘိုင်းလ်မှ ရုပ်မြင်သံကြားကြည့်ရှုနိုင်ကြပြီ

ဂျပန်နိုင်ငံမြို့ကြီးများတွင်ရှိ မိုဘိုင်းလ်ဖုန်းအသုံးပြုသူများသည် ယခုအခါ မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုများကို ပထမဆုံး ကြည့်ရှုနိုင်ပြီ ဖြစ်သည်။ **(အပေါ်ပုံ)**

မိုဘိုင်းလ်ဖုန်းနှင့် ရုပ်မြင်သကြား တွဲဖက်အသုံးပြုလာသောကြောင့် ဂျပန်နိုင်ငံ၏ ဖုန်းသုံးစွဲသူအရေအတွက်သည် အခြားနိုင်ငံများထက် အရေအတွက် အမြင့်မားဆုံးဖြစ်လာရန် အလားအလာများရှိနေသည်။

ဂျပန်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းထုတ်လုပ်မှုကို သတ်မှတ်ထားသော အရေအတွက်မျှသာ ထုတ်လုပ်ခဲ့သောကြောင့် ဂျပန်ရှိ ဖုန်းအရောင်းဆိုင်များသည် အခက်အခဲများနှင့် တွေ့ကြုံနေခဲ့ရသည်။

မိုဘိုင်းလ်ဖုန်းနှင့် ရုပ်မြင်သံကြား တွဲဖက်အသုံးပြုနိုင်ရန်အတွက် စမ်းသပ်ထုတ်လွှင့်မှုများကို လပေါင်းများစွာကြာအောင် လုပ်ဆောင်နေခဲ့ရသည်။

ဂျပန်နိုင်ငံရှိ နီပွန်တယ်လီဗေးရှင်း၊ ဖူဂျီတယ်လီဗေးရှင်းနှင့် တီဗွီအဆာဟိနှင့် မိုဘိုင်းလ်ဖုန်းကုမ္ပဏီများသည် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်အတွက် စာချုပ်များချုပ်ဆိုခဲ့သည်။

(ကိုးကား-အင်တာနက်)

အင်တာနက်သတင်းနှင့် ဓာတ်ပုံ

✡ **ရှေ့ဖုံးမှ**

အဖွဲ့ဝင်များသည် ကျောက်ခင်းလမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အရဲဇွပ်–အင်ဂျန်းယန်လမ်း ၉ မိုင် ကချင်ပြည်နယ်အထူးဒေသ(၂)နှင့် ဂျိတ်လန်း မြန်မာကုမ္ပဏီလီမိတက် အရဲဇွပ်–အင်ဂျန်းယန်လမ်း တိုးတက်ပြုပြင်တည်ဆောက်ရေးစီမံကိန်းက တာဝန်ယူဖောက်လုပ်ခဲ့ပြီး လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၁၄–၁၁–၂၀၀၅ရက်က စတင်ခဲ့သည်။ မူလလမ်းအမျိုးအစားမှာ လမ်းအူကြောင်းပျက်မြေသားလမ်းဖြစ်၍ ယခုအဆင့်မြှင့်ဖောက်လုပ်၍ မြေရောချောင်းကျောက်ခင်းသော ကျောက်ခင်းလမ်းဖြစ်သည်။

ရှင်းလင်းမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အင်ဂျန်းယန်မြို့သစ်သို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ လိုအပ်သည်များ ရှင်းလင်းမှာကြားသည်။

ရှေးဦးစွာ အင်ဂျန်းယန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောညီညီထွေးက အင်ဂျန်းယန်မြို့၏ သမိုင်းကြောင်း၊ တည်နေရာ၊ အကျယ်အဝန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်း လင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အင်ဂျန်းယန်မြို့နယ်ကို မြို့အင်္ဂါရပ်နှင့်အညီ တည်ဆောက်နေသကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ပြိုင်တည်းပင်စိုက်ပျိုးရေး၊ မွေးမြူရေးများကိုလည်းထူထောင်ပေးသွားရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နှစ်ရှည်သီးနှံများစိုက်ပျိုးရန်နှင့် လှေကားထစ်တောင်ယာစိုက်ပျိုးနည်းဖြင့် စနစ်တကျ စိုက်ပျိုးကြရန်ပြောကြားလိုကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်များကို မိမိတို့မြို့နယ်လျာထားချက်နှင့်အညီ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသခံပြည်သူများအား ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်နေပြီဖြစ်၍ အင်ဂျန်းယန်မြို့သစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့်ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးဗိုလ်ချုပ်မောင်ဦးတို့က ဒေသခံပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ပန္နက်တိုင်စိုက်ထူ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတည်ဆောက်မည့်မြေနေရာသို့ ရောက်ရှိကြပြီး သတ်မှတ်နေရာ အသီးသီးတွင် ပန္နက်တိုင်များစိုက်ထူပေးသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဆေးရုံတည်ဆောက်မှုနှင့် အရဲဇွပ်–အင်ဂျန်းယန်လမ်းဖောက်လုပ်မှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးဆောက်လုပ်မည့် မြေနေရာသို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးတို့က သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တိုင်များရိုက်ပေးကြကာ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ စုပေါင်းရုံးတည်ဆောက်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဂြိုဟ်တုတယ်လီဖုန်းစခန်း ဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

အမွှေးနံ့သာပက်ဖျန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အခြေခံပညာအလယ်တန်းကျောင်းခွဲ ဆောက်လုပ်မည့်နေရာသို့ သွားရောက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်ဝန်ကြီးတို့က သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တိုင်များ ရိုက်ပေးကြကာ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ အခြေခံပညာအလယ်တန်းကျောင်းခွဲတည်ဆောက်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အင်ဂျန်းယန်မြို့သစ်တပ်ဦး အောင်ဆုပန်ကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်နှင့်သံဃာတော်များအားဖူးမြော် ကြည်ညိုကာ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အင်ဂျန်းယန်မြို့သစ်မှ ပြန်လည်ထွက်ခွာလာကြပြီး ဝွေထောင်ဆိပ်မှ စက်လှေများဖြင့် မလိခမြစ်ကြောင်းတစ်လျှောက် စုန်ဆင်း၍ မေခနှင့်မလိခမြစ်ဆုံသို့ သွားရောက်ကာ မြစ်ဆုံမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် မြစ်ဆုံ–မြစ်ကြီးနားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အင်ဂျန်းယန်မြို့နယ် အရဲဇွပ်–အင်ဂျန်းယန်လမ်း ကိုးမိုင်ကျောက်ခင်းလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အင်ဂျန်းယန်မြို့သစ် ဒေသခံပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၆–၄–၂၀၀၆ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ဗိုလ်မြတ်ထွန်းတံတား
၈:၂၀ ၈။ ခါသကြီန်အဆိုအကများ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၁၀ ၆။ တေးဂီတအစီအစဉ်
၁၇:၂၅ ၇။ **"အားနာလိုက်တာ"** မော့စ်၊ ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၇:၃၀ ၈။ ခါသကြီန်အဆိုအကများ
၁၇:၄၅ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ အရေးပြိုင်ပွဲ
၁၈:၄၀ ၁၃။ ခါသကြီန်အဆိုအကများ
၁၈:၅၅ ၁၄။ စည်းကမ်းထိန်းသိမ်းစောင့်ရှောက်ပါ မြန်မာ့ရိုးရာမဟာသကြီန်မှာ
၁၉:၁၅ ၁၅။ အတီးပြိုင်ပွဲ
၁၉:၂၅ ၁၆။ ခါသကြီန်အဆိုအကများ
၁၉:၃၅ ၁၇။ တေးဂီတအစီအစဉ်
၁၉:၄၅ ၁၈။ ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည့်ဆင်းရွှေလီ(အပိုင်း–၁၀)
၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း–၂၁)

အမျိုးသမီးများဖြစ်တတ်သောရောဂါများအကြောင်း ပညာပေးဟောပြောပွဲချမ်းအေးသာစံမြို့နယ်၌ကျင်းပ

ရန်ကုန် ဧပြီ ၅

မန္တလေး ချမ်းအေးသာစံမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို မတ် ၁၀ရက်မွန်းလွဲ ၁ နာရီတွင် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်ရှိ ဒေဝဓမ္မိကဓမ္မာရုံကြီး၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၏ ဇနီး မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်မိုးသီတာ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ပိုပိုညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်နေ အမျိုးသမီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်မိုးသီတာက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပိုပိုညွန့်က ဘီတာမင်ဘီ ချို့တဲ့ရောဂါအကြောင်းနှင့် အမျိုးသမီးများဖြစ်တတ်သော ရောဂါများအကြောင်းကို ပညာပေးဟောပြောသည်။

ထို့နောက် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်မိုးသီတာနှင့် တာဝန်ရှိသူများက အမြှာပူးမွေးထားသော သက်ကြီးမိခင်အား အာဟာရ နို့မှုန့်ဘူးများနှင့် ဂုဏ်ပြုငွေများ လှူဒါန်းပြီး ရပ်ကွက်နေ အမျိုးသမီးများအား အိုင်အိုဒင်းဆားများ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆–၄–၂၀၀၆ (ကြာသပတေးနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ အမည်မဲ့(၂)ပန်းချီပြပွဲ
၇:၂၅ ဝါသနာရှင်စင်မြင့် (ခန့်စည်သူ၊ခင်ဘုဏ်း)
၈:၀၀ Star Album (ဦးကြည်စိုးထွန်း၊ ရွှေသွေး၊ ချမ်းသာကြည်စိုးထွန်း)
၈:၃၅ ခါသကြီန်အဆိုအက
၈:၄၀ ကျင်းသာရေလှောင်တမံ
၈:၅၀ ပြည်တွင်းသတင်းအကျဉ်း
၉:၀၀ ခါသကြီန်အဆိုအက
၉:၀၅ မိုးလေဝသခန့်မှန်းချက်
၉:၁၀ Say it in English
၉:၂၀ ခါသကြီန်အဆိုအက
၉:၂၅ စောင့်ရှောက်ခြင်းသည် ဗို့တာဝန်၊ စောင့်ရှောက်ခြင်းသည် မျှဝေမှု
၉:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀ ခါသကြီန်အဆိုအက
၉:၅၅ မြန်မာ့ရင်းနှီးမြှုပ်နှံရေးနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
၁၀:၀၅ မြူးတူးပျော်ရွှင် သကြီန်ဖက်ရှင်
၁၀:၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀ ဆေးလိပ်အန္တရာယ်
၁၀:၅၀ ခါသကြီန်အဆိုအက
၁၀:၅၅ Management Talk (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်စန်းရီ)
၁၁:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀ ခါသကြီန်အဆိုအက
၁၁:၄၅ စိုက်ပျိုးဖို့လွယ်ကူစေမှာ ကောက်ရိုးမှိုပါ
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် ဧပြီလအတွက်

(၉–၄–၂၀၀၆)ရက်နေ့

နှင့်

(၃၀–၄–၂၀၀၆)ရက်နေ့

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

တစ်ခါလာ မဲပြာပုဆိုး

မောင်စေတနာ (B.A., B.Ed)

လူတစ်ယောက်၊ ပုဆိုးကတစ်ထည်တည်း၊ လဲဝတ်စရာမရှိ၊ ကိစ္စဟူသမျှ အသုံးချ၏။ အလှူလည်းဒါ၊ မင်္ဂလာဆောင်လည်းဒါ၊ အိမ်မှာနေလည်းဒါပဲ ဝတ်သည်။ ထို့ကြောင့် အရောင်အဆင်းလုံးဝမရှိ၊ မည်းညစ်စုတ်ပြဲနေ၏။ ဝတ်သူကို ဒါဝတ်သခင်၊ ပုဆိုးကိုမူ ဆိုရိုးပြုကြ၏။ . . .**"တစ်ခါလာ မဲပြာပုဆိုး"**။

ဗုဒ္ဓဝါဒတွင် နှလုံးသွင်းမှန်ကန်မှုသည် အရေးအကြီးဆုံး၊ နှလုံးသွင်းမှု မှန်ကန်မှ ယထာဘူတ အမြင်ရပြီး အပါယ်ဘေးမှလွတ်သည်။ နှလုံးသွင်းမှားခဲ့သော် ကုသိုလ်မှုပြုသည်ဖြစ်စေ၊ အပါယ်ဘေးမှ မလွတ်၊ အကုသိုလ်ဖြစ်တတ်၏။ သံသရာလည်၏။ သက္ကာယ မပြုတ်သမျှ၊ လုပ်သမျှဒုက္ခ။

နိုင်ငံရေးတွင်လည်း ထိုနည်းတူစွာ ဂိုဏ်းဂဏဝါဒ (နိုင်ငံရေးသက္ကာယဒိဋ္ဌိ)အစွဲကင်းရ၏။ သို့မှသာ နှလုံးသွင်းမှန်၍ အမြင်မှန်ကိုရမည်။ Liberal အယူအစွဲ၊ အတွေး၊ သုတတို့ဖြင့်ပြုပါက လုပ်သမျှရှုပ်ပွပြီး နိုင်ငံနှင့်လူမျိုးအတွက် **"ဆေး"**မဖြစ်၊ **"ဘေး"**သာဖြစ်မည်။

မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုသည် လစ်ဘရယ်ဒီမိုကရေစီထွန်းကားနေသော နိုင်ငံများနှင့် လုံးဝမတူညီပါ။ ယေဘုယျအားဖြင့် တရုတ်၊ ဗီယက်နမ်တို့နှင့်သာတူညီ၏။ တူညီပုံမှာ သဏ္ဍာန်သာတူ၏။ ထပ်တူမကျပါ။ ဤအချက်သည် အလွန်အရေးကြီးလှသည်။ မြန်မာနိုင်ငံ၏တည်ဆဲအစိုးရ(SPDC)သည် ဘယ်လိုအစိုးရမျိုးလဲ၊ ဘယ်လိုဒီမိုကရေစီစနစ်မျိုးကို ဖော်ဆောင်ပေးနေတဲ့ အစိုးရမျိုးလဲ . . .ရှင်းရှင်းလင်းလင်းသိရန် လိုအပ်လှသည်။ အကဲဖြတ်ချက်မှားပါက ခုတ်ရာတခြား ထိရာတခြား ဖြစ်လိမ့်မည်။

ဘယ်လိုအစိုးရမျိုးလဲ

တည်ဆဲအစိုးရသည် အိမ်စောင့်အစိုးရ(Care taker Government)၊ ယာယီအစိုးရ(Provisional Government)၊ ရွေးကောက်ခံ အစိုးရ(Elected Government)မဟုတ်ပါ။ ၁၉၈၈ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော အခြေအနေများကြောင့် မလွှဲမရှောင်သာဘဲ Coup ပြုလုပ်ပြီး နိုင်ငံတော်တာဝန်ကို လွှဲပြောင်းယူခဲ့ရသည်။ လွှဲပြောင်းရယူပြီးနောက် ယနေ့မြင်တွေ့နေရသော စီးပွားရေး၊နိုင်ငံရေး၊လူမှုရေးများကို တိုးတက်အောင် ဖော်ဆောင်နေသည်။ ဤအချက်များကြောင့် အမည်အားဖြင့်(SPDC)ဟု ခေါ်ဆိုသော်ငြားလည်း ပေါ်ပေါက်လာပုံနှင့်ဆောင်ရွက်ချက် (Formation of Government and Implementation of New Economical and Political System)အရ တော်လှန်ရေးအစိုးရ(Revolutionary Government)ဖြစ်သည်။

တရားဝင်အစိုးရ

တည်ဆဲအစိုးရသည် တရားဝင်အစိုးရ ဟုတ်/မဟုတ်ကို တရားဝင်ခြင်း(Legality)နှင့် တရားဝင်ပြုမှု(Legalize)ဆိုသော စကားရပ်များ၏ အဓိပ္ပာယ်ကို သိရန်လိုသည်။ အစိုးရတစ်ရပ် တရားဝင်မှုနှင့် တရားဝင်ဖြစ်ခြင်းတို့တွင် အောက်ပါအချက်ငါးခု ပေါင်းစပ်ပါဝင်နေသည်–

၁။ ရွေးကောက်ခံအစိုးရဖြစ်ခြင်း	(Elected Government)
၂။ အုပ်ချုပ်ခံရသောလူဦးရေ ရှိတည်နေခြင်း	(Population)
၃။ အချုပ်အခြာအာဏာရှိခြင်း	(Sovereignty)
၄။ အုပ်ချုပ်သောနယ်မြေဒေသရှိခြင်း	(Territory)
၅။ သံတမန်ဆက်သွယ်ရေး ရှိတည်နေခြင်း	(Diplomatic Relation)

ဖော်ပြပါအချက်များက အစိုးရတစ်ရပ်ကို Legalizeနှင့် Legality ကိုဖြစ်စေပါသည်။ တည်ဆဲအစိုးရ SPDC သည် Non-Elected Government ဖြစ်သော်ငြားလည်း ကျန်သောအချက်လေးခုနှင့် အမှန်တကယ် ကိုက်ညီနေသည်။ ထို့ကြောင့် တည်ဆဲအစိုးရသည် တရားဝင်အစိုးရ (Legal Government) ဖြစ်သည်။ ၁၈နှစ်ခန့်ပင် ကြာပြီဖြစ်၏။ ဦးစိန်ဝင်းခေါင်းဆောင်သော NCGUB သည် Elected person များဖြင့် ဖွဲ့စည်းထားသည်ဆိုသော်လည်း ကျန်သောအချက်လေးခုနှင့် ပြည့်စုံခြင်းမရှိပေ။ ထို့ကြောင့် တရားဝင် အစိုးရမဟုတ်။

တည်ဆဲအစိုးရသည် ဖော်ပြပါအတိုင်း တရားဝင်အစိုးရဖြစ်ပြီးဖြစ်နေ၏။ ၎င်းကိုတရားဝင်အစိုးရဖြစ်စေရန်အတွက် NLD ပါတီက De jure ပြုလုပ်ပေးရန် ကြိုးပမ်းအားထုတ်မှုမှာ မရောင်ရာဆီလူးမှုနှင့် ရွှေဉာဏ်တော်စူးရောက်လွန်းခြင်းသာဖြစ်သည်။ အချိန်မှာ အလွန်နှောင်းခဲ့ချေပြီ။ ကလေးတစ်ဒါဇင်ကျော် မွေးပြီးခါမှ မင်္ဂလာဆောင်ပေးရန် စိတ်ကူးမျိုး။ ထို့ပြင် တည်ဆဲအစိုးရမှာ အမျိုးသားအစိုးရ(National Government)သာဖြစ်၏။ ဒီမိုကရေစီအစိုးရ (Democratic Government) မဟုတ်သေးပါ။

အမျိုးသားအစိုးရဆိုတာဘာလဲ

အမျိုးသားအစိုးရဆိုသည်မှာ နိုင်ငံခြားသားမဟုတ်ဘဲ နိုင်ငံသူ နိုင်ငံသားစစ်စစ်တို့က အုပ်ချုပ်ရုံလောက်ဖြင့် အမျိုးသားအစိုးရဟု မသတ်မှတ်နိုင်။ နိုင်ငံအတွင်းရှိ လူမျိုးဘာသာမရွေး နိုင်ငံသားအားလုံးတို့၏ အခြေခံလိုအပ်ချက်(Basic Need)ဖြစ်သော တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ကိစ္စကိုသာလျှင် ဦးစားပေး(Priority)လုပ်ဆောင်ပေးသော အစိုးရမျိုးကိုသာ အမျိုးသားအစိုးရ (National Government) ဟု ခေါ်သည်။ အမျိုးသားအစိုးရသည် ဖော်ပြပါ အခြေခံလိုအပ်ချက်များကို ဖော်ဆောင်ပေး၏။ ဤသို့ပြုခြင်းကို အမျိုးသားရေးဒီမိုကရေစီ (National Democracy) ဖော်ဆောင်ခြင်းဟု ခေါ်၏။ အမျိုးသားရေးဒီမိုကရေစီသည် လက်ယာဒီမိုကရေစီ (Liberal Democracy) နှင့် ခြားနားသည်။

ဖော်ပြပါ အခြေခံ လိုအပ်ချက်များ (Basic Needs) သည် လူတန်းစားအရေး၊ လူမျိုးစုအရေး မဟုတ်ပါ။ တစ်မျိုးသားလုံးအရေးသာဖြစ်၏။ ထို့ကြောင့် ၎င်းသည် တစ်မျိုးသားလုံးအတွက် Common Interest or Sense ဖြစ်သည်။ ဤအကြောင်းကြောင့် **တစ်မျိုးသားလုံးအရေး Common Interest or Sense ကို ဆန့်ကျင်သူမှန်သမျှသည် တစ်မျိုးသားလုံး၏ ရန်သူအစစ်ဖြစ်သည်။**

ဝါဒနှင့်လမ်းစဉ်

တည်ဆဲအစိုးရသည် အရေးသုံးပါးကို ဦးထိပ်ထားပြီး ဖော်ပြပါ အခြေခံလိုအပ်ချက်များကို ဖော်ဆောင်နေသည်။ ထို့ကြောင့် ၎င်း၏ဝါဒမှာ အမျိုးသားရေးဝါဒ (Nationalism) ဖြစ်၏။ ဆိုရှယ်လစ်ဝါဒ (Socialism)၊ လက်ယာဝါဒ (Liberalism)၊ ဖက်ဒရယ်ဝါဒ (Federalism) မဟုတ်ပေ။

တည်ဆဲအစိုးရ၏ စီးပွားရေးစနစ်မှာ အများထင်နေကြသလို အနောက်တိုင်းပုံစံ ဈေးကွက်စီးပွားရေးစနစ်မဟုတ်။ အရှေ့တိုင်းပုံစံ ဈေးကွက်စီးပွားရေးစနစ် Market Oriented Economy (M.O.E) ဖြစ်သည်။ ၎င်းမှာ နိုင်ငံတော်က ဦးဆောင်သော အရင်းရှင်စီးပွားရေးစနစ် (Capitalism Under the Leadership of the State) ဖြစ်သည်။ ဤစီးပွားရေးစနစ်ကို ကျင့်သုံးရခြင်းမှာ ယခင် ၂၆နှစ်ကြာ ဆိုရှယ်လစ်စီးပွားရေး စနစ်ကျင့်သုံးမိခဲ့သောကြောင့် ဈေးကွက်စီးပွားရေးစနစ်ကိုဦးဆောင်နိုင်သော အရင်းရှင်လူတန်းစားမဲ့နေခြင်းနှင့် နိုင်ငံအရင်းအနှီးပေါင်း မြောက်မြားစွာကို State က ပိုင်ဆိုင်ထားခြင်းတို့ကြောင့် ဖြစ်သည်။ အနောက်တိုင်းပုံစံ ဈေးကွက်စီးပွားရေးစနစ် Market Westernized Economy (M.W.E) မှာ အရင်းရှင်လူတန်းစားက ဦးဆောင်သော အရင်းရှင်စီးပွားရေးစနစ် (Capitalism Under the Leadership of Capitalist ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးစနစ်မှာ ဤသို့ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် Road Map အရ ယခုအခါ အမျိုးသားညီလာခံကျင်းပကာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးဆောင်ရွက်နေ၏။ ၎င်းမှ ထွက်ပေါ်လာသော ဒီမိုကရေစီမှာစည်းကမ်းပြည့်ဝသောဒီမိုကရေစီ Disciplinary Democracy (D.D) ဖြစ်သည်။ D.D မှာ တည်ဆဲအစိုးရ၏ အမျိုးသားရေးလက္ခဏာနှင့် ၎င်း၏ အမျိုးသားရေးဝါဒတို့အရ အမျိုးသားရေးဒီမိုကရေစီ (N.D) သာဖြစ်သည်။ ဆိုရှယ်လစ်ဒီမိုကရေစီ Socialist Democracy (S.D)၊ လက်ယာဒီမိုကရေစီ Liberal Democracy (L.D)၊ ဖက်ဒရယ်ဒီမိုကရေစီ Federal Democracy (F.D) မဟုတ်ပါ။ ထို့ကြောင့် **တည်ဆဲအစိုးရ၏ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်မှုသည် အမျိုးသားရေးဒီမိုကရေစီ ဖော်ဆောင်မှုပင်ဖြစ်သည်။**

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (D.D)

သက်ဦးဆံပိုင် ဘုရင်စနစ်တွင် အချုပ်အခြာအာဏာ (Sovereignty) သုံးရပ်သည် ဘုရင့်လက်ဝယ်တွင်ရှိနေသောကြောင့် ဒီမိုကရေစီလုံးဝမရှိ၊ စည်းမျဉ်းခံ ဘုရင်စနစ် (Constitutional Monarch) တွင် အာဏာသုံးရပ်ကို ဘုရင်နှင့်ပြည်သူ ခွဲဝေယူထားကြသည်။ ခွဲဝေရာတွင် ခွဲဝေပုံ (Ratio of sharing power) နိုင်ငံတစ်ခုနှင့်တစ်ခု ခြားနားကြသော်လည်း ဤစနစ်တွင် ဒီမိုကရေစီလက္ခဏာနှင့် အနှစ်သာရ သက်ဝင်နေ၏။ ရှိတည်ပုံလက္ခဏာမှာ သန္ဓေသားအရွယ်မျှသာဖြစ်၏။ ၎င်းသည် ဒီမိုကရေစီ၏ ခေတ်ဦးပိုင်း

အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားရေးဒီမိုကရေစီ

အဆိုးဆုံးမှာ NLD ပါတီသည် အမည်အားဖြင့် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်"၊ လုပ်ရပ်များမှာ "လစ်ဘရယ် ဒီမိုကရေစီအဖွဲ့ချုပ်"၊ အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားရေးဒီမိုကရေစီသဘောတရားကို လုံးဝနားမလည်။ လက်ယာဒီမိုကရေစီအမြင် (Liberal Vision) သာရှိ၏။ အမျိုးသားရေးအမြင် (National Vision)နတ္ထိ၊ ထို့ကြောင့် မြင်းစီးလို့ အထီးမှန်း အမမှန်းမသိ။

NLD ပါတီသည် ဤနည်း၊ ဤလမ်း၊ ဤစခန်းအတိုင်းသွားနေပါက လွှတ်လမ်းနဲ့ ကျွတ်တမ်းမဝင်နိုင်၊ လှုပ်လေမြုပ်လေ၊ လော်လေနစ်လေ။ ၁၉၉၀ ရလဒ်ကို ဆုပ်ကိုင်ထားနေမှုမှာ မိမိကိုယ်မိမိ ဆင်သေကိုစီးပြီး လိုက်မိနေသော ကျီးမိုက်ဘဝမျိုး ရောက်နေမှန်းလည်း မသိ။ လစ်ဘရယ်အတွေးနှင့် လစ်ဘရယ်ဆေးကိုသာ တွင်တွင်သောက်နေ၏။ ဝေဒနာကား မပျောက်။ အနာတခြား ဆေးတခြား။ အာဏာခွဲတမ်းရရေးအထက်လမ်း၊ အောက်လမ်းနည်းမျိုးစုံဖြင့် ကြိုးစားခဲ့သည်မှာ ၁၆ နှစ်ခန့် ကြာခဲ့ပြီကော။ ဤကာလအတွင်း၌ အခွင့်အလမ်းတို့သည် ပေါ်ထွန်းခဲ့၏။ တည်ဆဲအစိုးရ၏ စေတနာကို ဝေဒနာထင်၍ "မောင်ခေါ်ရာသို့ မယ်မလိုက်"၊ ကယ်သူကို ရန်သူထင်သော မိုက်မဲလှသည့် "စောလူးမင်း" လို။

ကာလဖြစ်သည်။ ခေတ်နှောင်းပိုင်း ဒီမိုကရေစီများနှင့်လည်း အသွင်လက္ခဏာ ကွဲပြားမှုရှိနေသည်။ ထိုစနစ်တွင် တစ်မျိုးသားလုံးစည်းလုံးညီညွတ်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ တရားဥပဒေစိုးမိုးခြင်းစသည့် လက္ခဏာရပ်များကိုသာလျှင် ထင်ရှားစွာ တွေ့မြင်ရ၏။ ထို့ကြောင့် ဤအခြေအနေမျိုးကို လက်ယာဒီမိုကရေစီ (L.D) ဟုမခေါ်၊ အမျိုးသားရေးဒီမိုကရေစီ (N.D) ဟုသာခေါ်၏။

ယနေ့မာရှယ်လောကာလ (Martial Law Period)တွင် အာဏာသုံးရပ်သည် တည်ဆဲအစိုးရလက်ဝယ်တွင် ရှိနေ၏။ တည်ဆဲအစိုးရ၏ စည်းကမ်းပြည့်ဝသောဒီမိုကရေစီ (D.D) တွင် စည်းမျဉ်းခံဘုရင်စနစ်ထက် အာဏာသုံးရပ်ကို စနစ်တကျဖြန့်ခွဲထားသည်။ ဤအချက်က (D.D) သည် စည်းမျဉ်းခံဘုရင်စနစ်ထက် များစွာသာလွန်နေကြောင်း ထင်ရှားလှသည်။ အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း စည်းမျဉ်းခံဘုရင်စနစ်တွင် ဒီမိုကရေစီသည် သက်ဝင်ရှိတည်နေသည်ဟုဆိုပါက မြန်မာပြည်တွင် တည်ဆဲအစိုးရက ဖော်ဆောင်နေသော (D.D) တွင် ဒီမိုကရေစီရှိ၊ မရှိ ရှင်းပြရန် လိုတော့မည် မထင်ပါ။ ယနေ့ကာလသည် မြန်မာပြည်ဒီမိုကရေစီ၏ ခေတ်ဦးပိုင်းကာလမျှသာဖြစ်သည်။ Liberal Democracy ခေတ် မရောက်သေး၊ ဤအချက်ကို NLD ပါတီသည် သိဟန်မတူ။

ကျီးနှင့်ငန်း

အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တရားဥဒေစိုးမိုးရေး ဆိုသော အချက်များသည် "အမျိုးသားနိုင်ငံရေး"(အမျိုးသားရေး) ဖြစ်ပြီး လူမျိုးရေးနှင့်လူတန်းစားရေး မဟုတ်။ ဤအခန်းကဏ္ဍကို တရုတ်ပြည်သည် ၁၉၄၉ခုနှစ်တွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်တွင်လည်းကောင်း၊ U.S.A သည် သမ္မတလင်ကွန်းလက်ထက် ပြည်တွင်းစစ်ပြီးဆုံးချိန်တွင်လည်းကောင်း ဖြတ်ကျော်ပြီးမြောက်ခဲ့ကြသည်။ နောက်တစ်ဖန် ပြန်လည်ပြိုကွဲမှုမရှိ။ ထို့ကြောင့် ယနေ့မြင်တွေ့နေရသော စီးပွားရေး၊ နိုင်ငံရေးအဆင့်များသို့ လွယ်ကူချောမွေ့စွာဖြင့် တက်လှမ်းနိုင်ခဲ့ကြသည်။ မြန်မာပြည်သည် ဤသို့မဟုတ်၊ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရယူစဉ် ကာလ၌သာ ညီညွတ်ခဲ့ကြ၏။ လွတ်လပ်ရေးရပြီးနောက်မှသည် ၁၉၈၈ခုနှစ်အထိ အမျိုးသားစည်းလုံးညီညွတ်မှုနတ္ထိ၊ ဝါးအစည်း ပြေသကဲ့သို့ ဖြစ်နေသည်။ တည်ဆဲအစိုးရသည် ဤအခြေအနေ ရုပ်တရားနှင့်ကြုံဆုံနေရ၏။ ဖြတ်ကျော်နိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေရ၏။ ၎င်းကို အမျိုးသားရေးတာဝန်ထမ်းဆောင်နေခြင်းဟု ခေါ်သည်။ ဤကာလအတွင်း မည်သူမည်ဝါ အာဏာရရ၊ ဤအမျိုးသားရေးတာဝန်ကိုသာ ဦးစားပေး (First Priority) ထမ်းဆောင်ကြရမည်။ ယနေ့ကာလသည် D.D(N.D) ဖော်ဆောင်ရေးကာလဖြစ်ပြီး (L.D) ဖော်ဆောင်ရေးကာလမဟုတ်သေးပေ။ ဤအကြောင်းတရားများကြောင့် အမျိုးသားနိုင်ငံရေးနှင့်အမျိုးသားရေးတာဝန်ကိုသာလျှင် ဦးထိပ်ထားကြရမည်။

ယနေ့ခေတ်သည် Globalization ခေတ်၊ နိုင်ငံတိုင်းသည် အရင်းရှင်ခေတ်နှင့် ဒီမိုကရေစီခေတ်သို့ ချီတက်ကြရမည်။ ဤသည်မှာ သဘောတရား (Theory) သာဖြစ်၏။ သဘောတရားနှင့်အညီ လှမ်းချီကြရာတွင် နိုင်ငံတစ်ခုစီ၏ ရောက်ရှိနေသောအဆင့်မှာ နိမ့်မြင့်မတူ။ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးစ... ကွာဟချက်များစွာရှိနေကြသည်။ ဖွံ့ဖြိုးစနိုင်ငံမှာ ၁၀၀ကျော်။ ကမ္ဘာကျော်သည့် U.S.A မှာ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးတို့တွင် ထိပ်ဆုံး၊ မြန်မာမှာ ဘိတ်ဆုံး၏အထက်နား ဒုန်းပြေးလိုက်၍ မရ၊ သမိုင်းနောက်ခံအကြောင်းများအရ မီရာအဆင့်မှ ချီတက်ကြရမည်။ ဤသို့ချီတက်ရာ၌ မြန်မာနိုင်ငံသည် ဖော်ပြပါ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ (ND) ကို မလွဲမသွေ ဖြတ်သန်းနေရသည်။ ဘယ်လိုပင် တရုတ်၊ အိန္ဒိယ၊ U.S.A တို့ ကဲ့သို့ တက်လှမ်းချင်သော်လည်း မဖြစ်နိုင်။ ကျီးကငန်းကို တုပမှုသာဖြစ်သည်။ ဤအချက်ကို NLD ပါတီသည် သဘောပေါက်ပုံမရ။

ချေသူငယ်နှင့်ကျား

အမျိုးသားအစိုးရနှင့် အမျိုးသားရေးဒီမိုကရေစီတို့၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့ပြီးပြီ။ ၎င်းသည် တစ်မျိုးသားလုံး၏ အခြေခံလိုအပ်ချက်ကိုသာလျှင် ဖော်ဆောင်ပေးနိုင်သော အခြေအနေသာရှိ၏။ လွန်ကဲများပြားသော လူတန်းစားရေး၊ လူမျိုးရေးကိစ္စများကို တစ်ပြိုင်နက်တည်း ဖော်ဆောင်ပေးနိုင်စွမ်းမရှိ။ ၎င်းကိစ္စများကို ဒုတိယဦးစားပေး(Second priority)နေရာတွင်ထားရ၏။ ဤကိစ္စများကို အမျိုးသားရေးဒီမိုကရေစီထူထောင်ပြီးမှသာလျှင် ဖော်ဆောင်၍ရနိုင်သည်။ ထို့အပြင် ဤသို့ဖြစ်ရခြင်းမှာ လူ့အဖွဲ့အစည်းအတွင်း၌ လူတန်းစားများ မဲ့နေသေးခြင်း၊ လူတန်းစားအသိတရားများ မဲ့နေသေးခြင်းကြောင့်လည်း ဖြစ်သည်။ လူတန်းစားနှင့် လူတန်းစားအသိမဲ့နေသေးသော လူ့အဖွဲ့အစည်း တစ်ရပ်တွင် ဆိုင်ရာဆိုင်ရာလူတန်းစားအခွင့်အရေးပေးခြင်း၊ တောင်းခြင်းသည် ရေပြင်ပေါ်တွင် အရုပ်ရေးခြင်းသာဖြစ်သည်။ ဤလိုအခြေအနေမျိုးတွင် လူမျိုးရေးနှင့်နိုင်ငံရေးအဖွဲ့အစည်းများ၏ မူဝါဒနှင့် လုပ်ဆောင်ချက်များသည် စည်းကမ်းပြည့်ဝသောဒီမိုကရေစီ(အမျိုးသားရေးဒီမိုကရေစီ)အခန်းကဏ္ဍကို ထိခိုက်မှုမရှိစေရန် အထူးလိုအပ်သည်။ အရိပ်သုံးပါးနားမလည်က ချေသူငယ် ကျားစာဖြစ်မည်။

ထို့ကြောင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ(အမျိုးသားရေးဒီမိုကရေစီ) ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆန့်ကျင်ဖီလာဖြစ်နေသော လက်နက်ကိုင်လမ်းစဉ်ကို အကြွင်းမဲ့စွန့်လွှတ်ရမည်။ တစ်ဝက်တစ်ပျက်မရ။ နိုင်ငံရေးပါတီများသည်လည်း လစ်ဘရယ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများကို တည်ဆဲအစိုးရ၏ဝါဒလမ်းစဉ်တို့နှင့်အညီ ရှေ့မှနောက်သို့ ဦးစားပေးမှုအစီအစဉ်ပြန်ပြောင်းကြရမည်။ ဤနည်းဖြင့် အမျိုးသားရေးအင်အားစုအားလုံးတို့သည် တူရာ တူရာ စုစည်းသွားကြမည်။ **ယနေ့တပ်မတော်သည် အမျိုးသားရေးကို ဦးထိပ်ထားပြီး အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေ၏။ ပြည်ပသြဇာခံလည်းမဟုတ်၊ နိုင်ငံရေးသမားနှင့် နိုင်ငံရေးပါတီများ၏ ခါးပိုက်ဆောင် တပ်မတော်လည်း မဟုတ်ချေ။ ၈၈ ကာလကထက် အဆများစွာအင်အားကြီးထွားနေသည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (အမျိုးသားရေးဒီမိုကရေစီ)ဖော်ဆောင်ရေးကို ဟန့်တားသူဟူသမျှ သူ၏ရန်သူလည်းဖြစ်၍ တစ်မျိုးသားလုံး၏ ရန်သူလည်းဖြစ်သည်။ ဟန့်တားဆန့်ကျင်မှုကြောင့် မာရှယ်လောမှသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီသို့ ကူးပြောင်းရေးကို နှေးကွေးစေ၏။ နှေးကွေးစေမှုကြောင့် ပြည်သူများကို မာရှယ်လောအောက်တွင် ရှည်ကြာစေ၏။ အကျိုးမဖြစ်၊ အဆိုးသာဖြစ်စေ၏။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်မှုကို ဆန့်ကျင်သူမှန်သမျှသည် အတိတ်ကာလက ဖဆပလနှင့် မဆလအစိုးရများကို နိုင်ငံရေး၊ စစ်ရေးအရ တောင်း၊ တိုက်ခဲ့ကြသော ဗကပနှင့် အလံနီတို့၏ ဘဝမျိုးဖြင့်သာ ဇာတ်သိမ်းကြရလိမ့်မည်။**

ဤတွင် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ(N.D)နှင့်ပတ်သက်၍ ကွယ်လွန်သွားခဲ့သော နိုင်ငံရေးခေါင်းဆောင်တစ်ဦးက "ဖဆပလနှင့်မဆလတို့သည် နည်းဗျူဟာ(tactics)အခန်း၌ ငါတို့ထက်ပို၍ မှားကောင်းမှားကြမည်။ မဟာဗျူဟာ (strategy)ဖြစ်သော အမျိုးသားနိုင်ငံရေးအခန်းတွင်မူ မှန်ကန်ခဲ့ကြသည်။ ငါတို့က မှားနေ၏၊ တိုက်ခြင်း၊ တောင်းခြင်း ပြုမိမှားခဲ့ကြသည်။ လက်နက်ကိုင် လမ်းစဉ်သည်မှား၏။ ထို့ကြောင့် မုချစွန့်ပယ်ကြရမည်"ဟု ပြောဆိုခဲ့ဖူးသည်။

ထို့နည်းတူစွာပင် တည်ဆဲအစိုးရသည် နည်းဗျူဟာ (tactics) အခန်းတွင် အမှားများရှိကောင်းရှိနေမည်။ မဟာဗျူဟာဖြစ်သော အမျိုးသားနိုင်ငံရေးအခန်းတွင်မူ မှန်ကန်နေဆဲဖြစ်သည်။ ထို့ကြောင့် မဟာဗျူဟာ သတ်မှတ်ချက်လွဲမှားနေသူများသည် တည်ဆဲအစိုးရနှင့် ထပ်သူကျအောင်ပြုပြင်ကြရမည်။ မိမိတို့၏ ဝါဒနှင့်လမ်းစဉ်များကို ဦးစားပေးမှု ရှေ့နောက်ပြန်ပြောင်းကြရမည်။ ဤသို့အားဖြင့် တောင်းခြင်း၊ တိုက်ခြင်း ပုံစံမှ ပူးပေါင်းဆောင်ရွက်ခြင်းပုံစံသို့ ပြောင်းကြရမည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သည် ကမ္ဘာ့နိုင်ငံများနည်းတူ အနာဂတ်တွင် ဖြစ်ပေါ်တိုးတက်လာမည်မှာ အမှန်ဖြစ်၏။ ဖြစ်ပေါ်တိုးတက်မှုပုံစံမှာ တည်ဆဲစီးပွားရေးစနစ်နှင့် နိုင်ငံရေးစနစ် [စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (အမျိုးသားရေး ဒီမိုကရေစီ)]တို့အရ အနောက်တိုင်းပုံစံမဟုတ်။ အရှေ့တိုင်းပုံစံ (Asian Way) ဖြင့်သာ ဖြစ်ပေါ်တိုးတက်လာမည်ဖြစ်သည်။

အမျိုးသားရေးဒီမိုကရေစီ (N.D) မရှိသော သို့မဟုတ် အမျိုးသား စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးမရှိသော လူမှုပတ်ဝန်းကျင်တွင် ဘာဒီမိုကရေစီ၊ ဘာဝါဒကိုမျှ တည်ဆောက်၍ မရနိုင်ပါ။ ထို့ကြောင့် အမျိုးသားရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ။ နိုင်ငံရေးသမားနှင့်နိုင်ငံရေးပါတီများသည် အမျိုးသားနိုင်ငံရေး(အမျိုးသားရေး)ဦးစားပေးကြမှသာ အမျိုးသားရေးကို တာဝန်ကျေသောသူများဖြစ်ကြမည်။ တည်ဆဲအစိုးရသည် လစ်ဘရယ် ဒီမိုကရေစီနှင့် ဖက်ဒရယ် ဒီမိုကရေစီကို မဆန့်ကျင်ပါ။ လက်ရှိကာလ အမျိုးသားရေး နိုင်ငံရေး၏ တောင်းဆိုချက်အရ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ(အမျိုးသားရေးဒီမိုကရေစီ)ကို ပထမဦးစားပေးခြင်း (First priority)ဖြစ်ပြီး လစ်ဘရယ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ဒီမိုကရေစီကို ဒုတိယဦးစားပေးခြင်း (Second priority) သာဖြစ်ပါသည်။ ဤအချက်ကို NLD ပါတီသည် နားလည်ဟန်မတူ။

ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေး

မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သည် ကမ္ဘာ့နိုင်ငံများနည်းတူ အနာဂတ်တွင် ဖြစ်ပေါ်တိုးတက်လာမည်မှာ အမှန်ဖြစ်၏။ ဖြစ်ပေါ်တိုးတက်မှုပုံစံမှာ တည်ဆဲစီးပွားရေးစနစ်နှင့်နိုင်ငံရေးစနစ် [စည်းကမ်းပြည့်ဝသောဒီမိုကရေစီ(အမျိုးသားရေးဒီမိုကရေစီ)]တို့အရ အနောက်တိုင်းပုံစံမဟုတ်။ အရှေ့တိုင်းပုံစံ (Asian Way)ဖြင့်သာ ဖြစ်ပေါ်တိုးတက်လာမည်ဖြစ်သည်။ ဖော်ပြပါ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍလည်း ကျန်ရှိနေသေးခြင်းကြောင့် ဖြစ်ပေါ်တိုးတက်မှုသည် အဆင့်သုံးဆင့်၊ ကာလအားဖြင့် သုံးပိုင်းရှိနေမည်။

ပထမအဆင့် ။ ။ စည်းကမ်းပြည့်ဝသောဒီမိုကရေစီ D.D(N.D) ဖြစ်သည်။ ၎င်းသည် Pro-democracy ဖြစ်၏။ ဒီမိုကရေစီကိုယ်ဝန်ဆောင်ခြင်းကာလဖြစ်သည်။

ဒုတိယအဆင့် ။ ။ လူလတ်တန်းစားတို့က ရှေ့ဆောင်သော ဒီမိုကရေစီ Bourgeois Democracy(B.D) ဖြစ်သည်။ ၎င်းမှာ Pre-democracy ဖြစ်သည်။ လူငယ်အရွယ်ကာလနှင့်တူ၏။ ဤဒီမိုကရေစီကို ယနေ့တရုတ်ပြည်တွင် ကျင့်သုံးနေသည်။

တတိယအဆင့် ။ ။ ၎င်းမှာ အရွယ်ရောက်ပြီးသော Democracy ဖြစ်သည်။ ယနေ့လူအများပြောဆိုနေကြသော ဒီမိုကရေစီအဆင့်အတန်းလည်းဖြစ်သည်။ ဤအဆင့်ရောက်မှသာလျှင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရသာကို ပြည့်ဝစွာခံစားခွင့်ရကြမည်။ သို့သော်လည်း ဤအဆင့်သည် ပြီးပြည့်စုံသောဒီမိုကရေစီ (Absolute Democracy) မဟုတ်သေးပါ။ ဤအဆင့်သည် ယနေ့အနောက်နိုင်ငံများတွင် မြင်တွေ့နေရသော လစ်ဘရယ်ဒီမိုကရေစီ(L.D)နှင့်တန်းတူသဘောဖြစ်၏။ သို့ရာတွင် သဏ္ဍာန်သာတူ၏၊ ထပ်တူမကျပါ။ တရုတ်နိုင်ငံသည် နောက်တစ်ဆင့်တွင် ဤအဆင့်သို့တက်လှမ်းကြမည်ဖြစ်၏။ တရုတ်နိုင်ငံ၏ ထိုအဆင့်ကို လစ်ဘရယ်ဒီမိုကရေစီ (L.D) ဟုခေါ်၍မရပါ။ ခေတ်သစ်ဒီမိုကရေစီ Modern Democracy(M.D)ဟုသာ ခေါ်နိုင်၏။ အဘယ့်ကြောင့် ဆိုသော် ဤအဆင့်တွင် U.S.A ကဲ့သို့ လူတန်းစားတစ်ရပ်(အရင်းရှင်)က ဦးဆောင်ခြင်းပြုသော ဒီမိုကရေစီစနစ်မဟုတ်။ လူတန်းစားအလွှာစုံ ညီညွတ်မျှတစွာပေါင်းစပ်ဖွဲ့စည်းမှုဖြင့် ဖြစ်ပေါ်လာသော ဒီမိုကရေစီစနစ်ဖြစ်သည်။ ထို့ကြောင့် ဤတတိယအဆင့်ကို လစ်ဘရယ်ဒီမိုကရေစီ (L.D)ဟု ခေါ်ဆိုခြင်းထက် ခေတ်သစ်ဒီမိုကရေစီ Modern Democracy (M.D) ဟုခေါ်ခြင်းသည် အမှန်ကန်ဆုံးသော စကားရပ်ဖြစ်သည်။

ကြံတစ်ချောင်းဥပမာ

ဤသို့အားဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုသည် ပထမအဆင့်တွင် D.D(N.D) စည်းကမ်းပြည့်ဝသောဒီမိုကရေစီ(ဝါ) အမျိုးသားရေးဒီမိုကရေစီ၊ ဒုတိယအဆင့်တွင် B.D လူလတ်တန်းစားဒီမိုကရေစီ(ဥပမာ-တရုတ်ပြည်ကဲ့သို့)။ တတိယအဆင့်တွင် ခေတ်သစ်ဒီမိုကရေစီ M.D လူတန်းစားအလွှာစုံတို့၏ ဒီမိုကရေစီစနစ်စသည်ဖြင့် အဆင့်သုံးဆင့် အပိုင်းသုံးခုရှိနေသည်။ ဤအဆင့်သုံးခုသည် တစ်ဆက်တစ်စပ်တည်းလည်းဖြစ်၏။ သီးခြားလက္ခဏာရပ်များလည်း ရှိနေကြသည်။ ကြံတစ်ချောင်း၏အဖျား၊ အလယ်၊ အရင်း သုံးပိုင်းနှင့်တူ၏။ တစ်ဆင့်မှတစ်ဆင့်သို့ ခုန်ကျော်တက်လှမ်းမှုလုပ်၍ မရ။ မူလ၊ ပဋိပက္ခ၊ သမူဟ (Thesis, Anti-Thesis, Syn-Thesis)နည်းလမ်းတို့ဖြင့် ဖြစ်ပေါ်တိုးတက်လာကြသည်။ ထူးခြားသောမြန်မာ့သမိုင်း ဖြစ်ပေါ်တိုးတက်မှုအရ အဆင့်တိုင်းတွင် တပ်မတော်သည် ပါဝင်နေပေမည်။ ပါဝင်နေသော်ငြားလည်း အဆင့်အလိုက် ၎င်း၏လက္ခဏာနှင့်အမြင် (Character and Vision) သည် ပြောင်းလဲသွားကြမည်။ **တပ်မတော်ပါဝင်နေမှုကြောင့် ဒီမိုကရေစီမစစ်ဟုဆိုသူများသည် တပ်မတော်ပါဝင်ခြင်းမရှိသော ဒီမိုကရေစီစနစ်ထွန်းကားနေသည့် တိုင်းပြည်များသို့ ပြောင်းရွှေ့သွားကြရန်သာရှိသည်။ မြန်မာနိုင်ငံဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးနှင့် တပ်မတော်သည် ခေါင်းနဲ့ပန်း။ ခေါင်းနဲ့ပန်းကို ခွဲရန်ကြိုးပမ်းမှုမှာ အန္တရာယ်ကြီးမား၏။ ထို့ကြောင့် တပ်မတော်ကို "ဘေး"ဖယ်ရန် ကြိုးစားအားထုတ်မှုမှန်သမျှ "ဘေး"တွေ့ကြမည်။ တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်လိုသည်ဟုပြောပြီး တပ်မတော်၏ အမျိုးသားရေးဝါဒနှင့်လမ်းစဉ်များကို စွန့်ပယ်နေချင်မှုသည် တစ်ခြမ်းပဲ့မေတ္တာနှင့် သစ္စာသာဖြစ်၏။ ဤအကြောင်းများကြောင့် နိုင်ငံရေးသမားဟောင်းကြီးတစ်ဦးက "တပ်မတော်ကို စိတ်နဲ့တောင် မပြစ်မှားကြနဲ့"**ဟု ဆိုခြင်း ဖြစ်သည်။

အထက်မှအောက်သို့

မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ငယ်ရာမှ ကြီး၊ နိမ့်ရာမှမြင့်တက်မှုများသည် အများထင်သလို ဘေးတိုက်သဘော၊ အောက်မှအထက်သို့သဘောမဟုတ်။ အထက်မှအောက်သို့ ဦးတည်နေခြင်း (Direction) ဖြစ်သည်။ ဤနည်းဖြင့် ဒီမိုကရေစီအလင်းရောင်သည် အထက်မှအောက်သို့ ဖြာဆင်းလာ၏။ (The Light of Democracy comes from above) ဖြစ်သည်။ အထက်မှအောက်သို့ဖြစ်သောကြောင့် ဘေးတိုက်နည်း၊ အောက်မှအထက်သို့ နည်းများဖြင့် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မှုများမှာ အချည်းနှီး။ ပူးပေါင်းဆောင်ရွက်ခြင်းနည်းသာလျှင် အမှန်ကန်ဆုံး။ ဤအကြောင်းကြောင့် နိုင်ငံရေးသမားဟောင်းကြီးတစ်ဦးက "တည်ဆဲအစိုးရကိုပြုတ်ကျစေရန်အတွက် ကံသုံးပါးဖြင့် ဘယ်တော့မျှမပြုတော့"ဟု ဆိုခြင်းဖြစ်သည်။ NLD ပါတီသည် ဤအချက်ကို သိမှသိပါလေစ။

၁၉၉၀ ရွေးကောက်ပွဲ

တည်ဆဲအစိုးရ (SPDC) သည် အမျိုးသားအစိုးရ၊ ၎င်း၏ဝါဒမှာ အမျိုးသားရေးဝါဒ၊ စီးပွားရေးစနစ်မှာ အရှေ့တိုင်းပုံစံ ဈေးကွက်စီးပွားရေးစနစ် M.O.E၊ နိုင်ငံရေးမှာ စည်းကမ်းပြည့်ဝသောဒီမိုကရေစီ(အမျိုးသားရေးဒီမိုကရေစီ) D.D(N.D)ဖြစ်သည်။ ဤအချက်များသည် ၁၉၉၀ ရွေးကောက်ပွဲ မှား/မှန်ကိစ္စကို တိုင်းတာသည့်ပေတံ (Measurable Instrument) ဖြစ်၏။

၁၉၉၀ ရွေးကောက်ပွဲကို ယခင်တပ်မတော်အစိုးရ(နဝတ)က ကျင်းပခဲ့သည်မှာမှန်၏။ ထိုရွေးကောက်ပွဲမှာ အမျိုးသားရေးဒီမိုကရေစီအတွက် ပါတီစုံရွေးကောက်ပွဲ (Multi-party Election for National Democracy) မဟုတ်။ လက်ယာပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ (Mulit-party Election for Liberal Democracy) ဖြစ်နေသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကြက်ငှက် တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ၁၅နိုင်ငံနှင့်ကမ္ဘာ့အခြားဒေသနိုင်ငံ ၃၃နိုင်ငံ စုစုပေါင်း၄၈နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ခုနှစ် မတ်လကုန်အထိ လူပေါင်း၁၈၆ဦး၌ ကူးစက်ဖြစ်ပွားမှုကြောင့် လူ၁၀၅ဦးအသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း အချို့မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ ၂၀၀၆ခုနှစ် မတ်လ ပထမပတ်အတွင်း သံသယဖြစ် ကြက်ခြံများမှ ကြက်များ၏ရောဂါနမူနာပစ္စည်းများ ရယူ၍ ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးမှုအရ အဆင့်ဆင့်စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မတ်လကုန်အထိ မွေးမြူရေးခြံ ၅၆ ခြံမှ ရောဂါနမူနာပေါင်း၄၆၀ ခုကိုစစ်ဆေးခဲ့ရာ ရောဂါနမူနာ ၃၀ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်းအတွင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ မုံရွာမြို့နယ်များနှင့် မန္တလေးတိုင်းအတွင်း ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရနှင့် စဉ့်ကိုင်မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားမှုရှိခဲ့ရာ ရောဂါဖြစ် ကြက်ခြံများကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်းနှင့် ၎င်းကြက်ခြံမှ ၁ကီလိုမီတာပတ်လည်ရှိ ကြက်ခြံများကို ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု အန္တရာယ်ကာကွယ်ရေး (Risk Prevention) အရ သုတ်သင်ဖျက်ဆီးခဲ့ရာတွင် ၂၀၀၆ခုနှစ် ဧပြီ၂ရက် အထိ ကြက်ခြံ ၃၀၇ခြံ၊ ငုံးခြံ ၁၀၂ခြံမှ ကြက်ကောင်ရေ ၂ဒသမ၄သိန်း၊ ငုံးကောင်ရေ ၂ဒသမ၃သိန်း၊ ကြက်ဥ ဝဒသမ ၉သိန်း၊ ငုံးဥ ဝ ဒသမ ၆သိန်းကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်း၊ ကြက်ခြံများကို ပိုးသတ်ဆေးဖျန်းခြင်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါ မြို့နယ်များအတွင်း တားမြစ်ဇရိယာ၊ ထိန်းချုပ်ဇရိယာ သတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ယာယီပိတ်ခြင်းနှင့် ကြက်၊ဘဲ၊ငုံးမွေးမြူရေးခြံများရှိ ကြက်၊ဘဲ၊ငုံးများကို ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်းများစသည်တို့ကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းလျက် စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုအန္တရာယ်ကို စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါသည်။

၄။ ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များရုတ်တရက်သေဆုံးမှု များလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

မတ် ၃၁ ရက်က ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး စီမံကိန်းအတွက် အမှတ်၅၀ (၃)လွှာ ရေကျော်လမ်းမ ပုဇွန်တောင်မြို့နယ်နေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးကျော်မိုးအောင်-ဒေါ်မိုးသန္တာ (သား) မောင်ရဲရင့်အောင် မိသားစုက ရွှေစင်ရွှေသား ကိုးလက်မပတ်လည်တစ်ကျပ်သားတစ်ချပ်အတွက် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို ဂေါပကအဖွဲ့ဝင်ဦးမျိုးခင်ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင်ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်း အကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဖြန့်ဖြူးရောင်းချစားသုံးခြင်း(လုံးဝ)မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များတင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိမွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင် ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ဘဲဈေးဒိုင်များသို့ သွားရောက်မှု မပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံအတွင်းဝင်ရောက်ရန်။

၆။ လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး၊ အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲအသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။
(ခ) ကြက်၊ဘဲ၊ ငုံးနှင့် ထိတွေ့ကိုင်တွယ်သူများ လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောရန်။

၇။

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ထို့ကြောင့် လက်ယာဒီမိုကရေစီအဖြေ (The result of Liberal Democracy)ထွက်လာ၏။ ၎င်းသည် ဖော်ပြပါပေတံနှင့် ဖီလာဖြစ်နေသည်။ အမျိုးသား အစိုးရနှင့် အမျိုးသားရေးဒီမိုကရေစီ(N.D)အတွက် အနုတ်လက္ခဏာ ဆောင်သောအဖြေ(Negative Result)ဖြစ်နေသည်။ ရွေးကောက်ပွဲအဖြေ (Electional Result)အတိုင်း အကောင်အထည်ဖော်ပေးမိပါက ယနေ့မြင်တွေ့နေရသော စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး တိုးတက်မှုများကို ရရှိတော့မည်မဟုတ်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းအားလုံးလည်း ထိခိုက်ကုန်မည်ဖြစ်၏။ ဤအကြောင်းကြောင့် တည်ဆဲအစိုးရက ၁၉၉၀ ရွေးကောက်ပွဲကို အခြေခံသော နိုင်ငံရေးဖြေရှင်းမှုမှန်သမျှကို လုံးဝအလျှော့အတင်း (Compromise)မလုပ်ခြင်း ဖြစ်၏။ ဤသို့ပြုခြင်းကို ခေါင်းမာခြင်း၊ မာနကြီးခြင်း၊ အာဏာကို အစဉ်ဖက်တွယ်ထားလိုခြင်းဟု သဘောမထားသင့်ပေ။ NLD ပါတီသည် ဤအချက်ကို သဘောမပေါက်။

အလျှော့အတင်း (Compromise)

ဘောဂဗေဒတွင် ရောင်းလိုအားနှင့် ဝယ်လိုအားအလျှော့အတင်းသည်ရှိ၏။ ၎င်းသည် ဝယ်လို/ရောင်းလိုသော ကုန်ပစ္စည်းတစ်ခုပေါ်တွင် မှီ၍ ဖြစ်ပေါ်လေ့ရှိသည်။ "ကုန်ပစ္စည်း"ကို ဖယ်လိုက်ပါက ရောင်းလိုအားနှင့် ဝယ်လိုအား အလျှော့အတင်းသည် ပျောက်ကွယ်သွားသည်။ ဤ အချက်က အခြေခံတူမှသာလျှင် အလျှော့အတင်းပြု၍ ရနိုင်သည်။ မတူက ပြု၍မရကြောင်း ဘောဂဗေဒမှ သာဓကတစ်ခုဖြစ်၏။

KNUဗိုလ်ချုပ်စံမတူက တစ်ချိန်က BBCနှင့် အမေးအဖြေခန်းတွင် တည်ဆဲအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးနေမှုနှင့်ပတ်သက်၍ ဤသို့ပြောခဲ့ဖူးသည်။"သူလျှော့မှငါလျှော့မည်"(He compromise, I will compromise)။ ဤစကားသည် တစ်ဝက်သာမှန်၏။ ဖြစ်သင့်သည်မှာ (I compromise, He will compromise) (ငါလျှော့မှသူလျှော့မည်)ဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ခြင်းမရှိဘဲ ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပြုလုပ်မှုမှာ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ဝါဒ၊ ဗကပနှင့် အလံနီတို့သည် ပြည်တွင်းစစ်ကာလတစ်လျှောက်လုံး ဤနည်းလမ်းကို ကျင့်သုံးခဲ့ကြသည်။ တည်ဆဲအစိုးရနှင့် KNUတို့၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုတွင် တောင်တန်းကြီးလို ဟန့်တားနေမှုမှာ လက်နက်ကိုင်လမ်းစဉ်ဖြစ်၏။ KNUက လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ထားသဖြင့် အခြေခံမတူ၊ ထို့ကြောင့် အလျှော့အတင်းလုပ်၍မရခြင်း ဖြစ်၏။ လက်နက်ကိုင် လမ်းစဉ် စွန့်ပယ်ပါက အလျှော့အတင်း လုပ်၍ ရနိုင်သည်။ ထိုအခါ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးသည် အမှောင်ပျောက်က အလင်းရောက်သလို ဆုတောင်းနေစရာမလိုပါ။ ကွဲကူး ရေပါ။ စောဟန်တာသာမွှေးနှင့် ဖဒိုဦးအောင်ဆန်းတို့သည် လက်နက်ကိုင် လမ်းစဉ်ကို စွန့်ပယ်ပြီး ကရင်လူထုအား ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး လက်ဆောင်ပေးအပ်နိုင်ခဲ့သည်။ အစိုးရဟူသမျှ မည်သည့် လက်နက်ကိုင်လမ်းစဉ်ကိုမျှ လက်မခံနိုင်။ ဒီမိုကရေစီမရသမျှ လက်နက်မချဟု ဆိုခဲ့သော် လက်နက်မချသမျှ ဘာဒီမိုကရေစီမျှရမည် မဟုတ်။ လက်နက်ကိုင်လမ်းစဉ်ကို မစွန့်သမျှ ဘယ်အစိုးရတက်တက် အလုပ်မဖြစ်။ ကရင်တော်လှန်ရေးသည် (၅၇)နှစ်မြောက်မှ နှစ်ပေါင်း ၅၇၀ ကြာမည်သာဖြစ်၏။ ဤသည်မှာ အလျှော့အတင်းနှင့်ဆိုင်သော ဥပမာတစ်ခု။ အခြေခံတူမှ အလျှော့အတင်း လုပ်၍ရသည်။ မတူက လုပ်၍မရ။ ထို့ပြင် အခြေခံတူပါက အလျှော့အတင်းမှာ နှစ်ဖက်အလျှော့အတင်း၊ အခြေခံမတူပါက တစ်ဖက်သတ်တည်းက အလျှော့အတင်း၊ သင့်ရာဈေးဖြင့်ရောင်းခြင်း။ ဤသည်တို့ကို NLDပါတီသည် တွေးမိဟန်မတူ။

အရာကြီးနှင့်ဘာဘူကြီး

မှတ်မိနေလိမ့်ဦးမည်။ NLDပါတီသည် တစ်ချိန်က သင်ပုန်းချေရေးနှင့် တွေ့ဆုံဆွေးနွေးရေးကို တင်ပြခဲ့ဖူးသည်။ ထိုသင်ပုန်းချေမှုတွင် ၁၉၉၀ ရလဒ်အကောင်အထည်ဖော်ရေးသည်လည်း ပါပြီးဖြစ်ခဲ့သောကြောင့် "သင်ပုန်းချေ"ပြီးသောကိစ္စဟု နားလည်မိသည်။

ယခုတစ်ဖန် ၁၂-၂-၂၀၀၆ရက်(ပြည်ထောင်စုနေ့)တွင် NLD ပါတီမှ တောင်းဆိုတင်ပြချက်တစ်ခု ထွက်ပေါ်လာသည်။ ၎င်းမှာ တည်ဆဲအစိုးရအား (De jure)အစိုးရအဖြစ်သို့ ပြောင်းပေးနိုင်ရေး လွှတ်တော်တစ်ရပ် ခေါ်ပေးရန်ပါရှိ၏။ လွှတ်တော်ခေါ်မှုသည် ၁၉၉၀ ရလဒ်အပေါ် အခြေခံနေ၏။ ထို့ကြောင့် NLDပါတီ၏ တစ်ချိန်က သင်ပုန်းချေရေးလမ်းစဉ်မှာ ဒီပဲယင်းကိစ္စကိုသာလျှင်"ချေ"လိုဟန်ရှိသည်။ ၁၉၉၀ရလဒ်ကို သင်ပုန်းဖျက်(Duster)ဖြင့် မဖျက်သေး။ ထို့ကြောင့် အသစ်အဆိုပြုချက်ဟု ဆိုသော်လည်း အဟောင်းများကဲ့သို့ပင် ၁၉၉၀ရလဒ်အပေါ် အခြေခံပြီး နိုင်ငံရေးအဖြေရှာခြင်းသာဖြစ်သည်။ ဤအကြောင်းကြောင့် ဤအသစ် အဆိုပြုချက်သည် အဟောင်း အဆိုပြုချက်များနှင့် အရာကြီးနှင့်ဘာဘူကြီး ထူးမခြားနား။ တစ်ခါလာ မဲပြာပုဆိုး၊ အသားလိုလို့ အရိုးတောင်းခြင်းသာဖြစ်သည်။ စကားအားဖြင့် ပျော့ပျောင်းညင်သာ နူးညံ့မှုရှိ၏။ သို့ရာတွင် တည်ဆဲ SPDC အစိုးရကို ၁၉၉၀ ဘိသိက်ရေသွန်းဖျန်းပေးပြီး လစ်ဘရယ်တောင်ရှည်ပုဆိုးကို ဆင်မြန်းပေးခြင်းမျိုးသာ ဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲသည် လက်ယာဒီမိုကရေစီ ပါတီစုံရွေးကောက်ပွဲဟု ဆိုခဲ့ပြီ။ အမျိုးသားရေး ဒီမိုကရေစီအတွက် မှားယွင်းသောအဖြေ (Negative Result for National Democarcy) ဖြစ်ခဲ့သောကြောင့် တည်ဆဲအစိုးရက အလျှော့အတင်း မလုပ်ခြင်းလည်းဖြစ်သည်။ သို့စဉ်လျက် ထိုမှားယွင်းသောအဖြေ ၁၉၉၀ရလဒ်ပေါ်တွင် ယခုတစ်ဖန်ပြန်လည်တင်ပြလာခြင်းမှာ အမှားပေါ် အခြေခံထားသောကြောင့် အမှားသာဖြစ်ချေသည်။ ထိုမှားနေသောအမှုကို ပြည်တွင်းနှင့် ပြည်ပတို့မှ ထောက်ခံပါ၊ ကူညီပါဟု ပြောဆိုမှုမှာ ပို၍မှား၏။ ထောက်ခံမိသူ အားလုံးတို့မှာလည်း အမှားသံကွင်းကိုလည်ပင်းတွင်စွပ်မိကုန်ကြ၏။ အမှားပေါ် အမှားထပ်သော်က အမှားအမြတ်သာရမည်။ အမှန်အမြတ်မရနိုင်။

ယခုအခါ ၁၉၉၀ ရလဒ်သည် တဖြည်းဖြည်းချင်း အရည်ပျော်လာခဲ့ရာ လက်တွင်းတစ်ဆုပ်စာမျှသာရှိသော ရေခဲတုံး နောက်ဆုံး ပျောက်ဆုံးတော့မည်။ UN၊ EU၊USA၊ ASEAN တို့ကလည်း ပီပြင်စွာ ရပ်တည် ထောက်ခံခြင်းမရှိကြတော့။ "လေလုပ်အား" (Verbal Service)သာ ပေးနေကြ၏။ တရုတ် နှင့် ရုရှားတို့မှာ ငြိမ်သက်နေကြ၍ အိန္ဒိယမှာ ဘေးမှ ရပ်ကြည့်နေသည်။

ထို့အပြင် ပြည်တွင်း၌ ၁၉၉၀နှင့် သက်ဆိုင်သော ပါတီများမှာလည်း သူကတစ်မျိုး ငါကတစ်ဖုံ၊ ဦးနင်းပဲ့ထောင် ဖြစ်နေ၏။ Road Map နှင့် အမျိုးသား ညီလာခံကို ထောက်ခံသော ပါတီကအများစု၊ မထောက်ခံသော ပါတီကအနည်းစု၊ အသက်ထင်ရှားရှိနေသော လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာလည်းအကြောင်းအမျိုးမျိုးတို့ကြောင့် သုံးပုံတစ်ပုံခန့် သာ ကျန်တော့သည်။ ထိုကျန်ရှိသူများမှာလည်း စုစည်းညီညွတ်မှုမရှိ သုံးစုကွဲနေ၏။ တစ်စုက Road Map ကို ထောက်ခံပြီး အမျိုးသားညီလာခံ တက်နေကြသည်။ တစ်စုမှာ ပြည်ပရောက်ကုန်ကြပြီ။ ကျန်သော တစ်စုမှာ NLD ပါတီ၏ လောင်းရိပ်အောက်တွင် ရှိနေကြ၏။ သုံးစုလုံးပေါင်းပြီး လွှတ်တော်တစ်ရပ်ခေါ်သည့်တိုင် နိုင်ငံရေးဆိုင်ရာ အဆိုတစ်ရပ်ကို အဆုံးအဖြတ် ပြုနိုင်လောက်သော သတ်မှတ်ဦးရေပြည့်မီခြင်း လုံးဝမရှိနိုင်တော့၊ ထို့ကြောင့် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားပြုမှုမှာ အမည်ခံမျှသာဖြစ်သည်။ တစ်နည်းအားဖြင့် ယခုလက်ရှိ ဖွဲ့စည်းထားသော လွှတ်တော်ကိုယ်စားပြု ကော်မတီသည် NLD ပါတီအတွက် ဖွဲ့စည်းထားသော ကော်မတီသာဖြစ်သည်။

NLDပါတီ၏ အဆိုပြုချက်သည် ၁၉၉၀ ရလဒ်အပေါ် အခြေခံထားသည်ဟုဆိုခဲ့ပြီ။ ၎င်းကို တည်ဆဲအစိုးရက လက်ခံမိသည်ဆိုပါက မတရားအသင်းကြေညာခြင်းခံထားရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဦးစိန်ဝင်းခေါင်းဆောင်သော (NCGUB) ကိုသွယ်ဝိုက်သောနည်းအားဖြင့် လက်ခံအသိအမှတ်ပြုရာ ရောက်နေသည်။ ဤအချက်ကို NLDပါတီသည် လေးလေးနက်နက် တွေးမိဟန်မထင်။ ထို့ပြင်အဆိုပြုချက်၏ နောက်ကွယ်၌ဝှက်ဖဲဖြင့် အကွက်ဆင်ထား၏။ ၎င်းမှာကြားဖြတ်အစိုးရဖွဲ့စည်းရေးနှင့် အာဏာ ခွဲတမ်းရရေး။ ဤရည်ရွယ်ချက်မှာ မြန်မာပြည်ကို မနုဿဗီဟဒီမိုကရေစီနိုင်ငံဖြစ်စေရန် နိုင်ငံရေး အထက်လမ်းနည်းဖြင့် ဆင်ကြံကြံခြင်းသာ ဖြစ်သည်။ မနုဿဗီဟ ဒီမိုကရေစီဆိုသည်မှာ နိုင်ငံရေးတွင် အိန္ဒိယပုံစံ၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးတွင် တရုတ်ပုံစံဖြစ်သည်။ ထို့ကြောင့် တည်ဆဲအစိုးရက လုံးဝ အလျှော့အတင်း (Compromise) မလုပ်ခြင်းဖြစ်သည်။

အဆိုးဆုံးမှာ NLDပါတီသည် အမည်အားဖြင့် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်"၊ လုပ်ရပ်များမှာ "လစ်ဘရယ်ဒီမိုကရေစီအဖွဲ့ချုပ်"၊ အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားရေးဒီမိုကရေစီသဘောတရားကို လုံးဝနားမလည်။ လက်ယာဒီမိုကရေစီအမြင်(Liberal Vision) သာရှိ၏။ အမျိုးသားရေးအမြင်(National Vision)နတ္ထိ၊ ထို့ကြောင့် မြင်းစီးလို့အထီးမှန်း၊ အမမှန်းမသိ။

NLDပါတီသည် ဤနည်း၊ ဤလမ်း၊ ဤစခန်းအတိုင်းသွားနေပါက လွတ်လမ်းနဲ့ ကျွတ်တမ်းမဝင်နိုင်၊ လူပ်လေမြုပ်လေ၊ လော့်လေနစ်လေ။ ၁၉၉၀ ရလဒ်ကို ဆုပ်ကိုင်ထားနေမှုမှာ မိမိကိုယ် မိမိဆင်သေကို စီးပြီးလိုက်မိနေသော ကျီးမိုက်ဘဝမျိုးရောက်နေမှန်းလည်း မသိ။ လစ်ဘရယ်အတွေးနှင့် လစ်ဘရယ်ဆေးကိုသာ တွင်တွင်သောက်နေ၏။ ဝေဒနာကား မပျောက်။ အနာတခြားဆေးတခြား။ အာဏာခွဲတမ်းရရေး အထက်လမ်း၊ အောက်လမ်းနည်းမျိုးစုံဖြင့် ကြိုးစားခဲ့သည်မှာ ၁၆ နှစ်ခန့်ကြာခဲ့ပြီကော။ ဤကာလအတွင်း၌ အခွင့်အလမ်းတို့သည် ပေါ်ထွန်းခဲ့၏။ တည်ဆဲအစိုးရ၏ စေတနာကို ဝေဒနာထင်၍ "မောင်ခေါ်ရာသို့ မယ်မလိုက်"၊ ကယ်သူကို ရန်သူထင်သော မိုက်မဲလှသည့်"စောလူးမင်း"လို။

သားရွှေအိုးထမ်း

အခွင့်အလမ်းဟူသည် နောက်တစ်ကြိမ် ဘယ်တော့မှပြန်လာရိုးထုံးစံမရှိ။(Opportunity never comes again)။ ယခုအခါ အခွင့်အလမ်း တည်းဟူသော "ရွှေခွက်"သည် လှေနှင့်အတူ ကမ်းမှခွာခဲ့ချေပြီ--"ဟေး...ကူးတို့သမားဒီကိုပြန်ခဲ့"ဟု ဟစ်အော်ခေါ်နေသော်လည်း ပြန်လှည့်မလာတော့။ နေပူကျဲကျဲ သဲသောင်ပြင်ပေါ်တွင် ဟိုပြေးဒီလွှား အရူးသမား ရွဲကုန်သည်ဘဝလို..."မပေး၊ ပေးပေး၊ ငါ့ဒီမိုကရေစီပေး၊ မပေး၊ ပေးပေး၊ ငါ့ဒီမိုကရေစီပေး"...ဟု ပူဆွေး တမ်းတ အော်ဟစ်နေရုံမျှအပ ဘာမျှ ဖြစ်မလာနိုင်တော့ပါ။

အကယ်၍သာ NLDပါတီသည် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးက မလိုလားဘဲ၊ မလိုအပ်ဘဲ ခါးသီးစွာခံစားနေရသော ဝေဒနာကို အမှန်တကယ်ပျောက်ကင်းချမ်းသာလိုသော စေတနာဆန္ဒရှိရိုးမှန်ပါက China၊ India၊ UN၊ EU၊ USA၊ ASEAN စသော နိုင်ငံ ခြား ဆေးဝါးများကို သောက်သုံးရန်မလိုပါ။ မြန်မာ့တိုင်းရင်းဆေး အစစ်ကိုသာ သောက်သုံးပါက မုချဒိဋ္ဌပျောက်မည်အမှန်။ ထိုဆေးမှာ အခြားမဟုတ်။ ၁၉၉၀ ရလဒ်ကိုစွန့်လွှတ်ပြီး တည်ဆဲအစိုးရ (SPDC)၏မူဝါဒများကို အကြွင်းမဲ့လက်ခံခြင်းပင်ဖြစ်သည်။

ဤသို့ပြုပါက မိမိမျှော်လင့်ထားသော အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြန်လည်သင့်မြတ်ရေး၊ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး၊ SPDCနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပါတီ၏ပစ္စုပ္ပန်နှင့် အနာဂတ်ရပ်တည်ရေးစသည်တို့သည် ကွဲကူးရေပါ ကိစ္စများသာဖြစ်ကြမည်။

ဤသည်သာလျှင် သားရွှေအိုးထမ်းသော လမ်းစဉ် အစစ်အမှန်ဖြစ်ပေသတည်း။ ။

"အင်တာနက်နှင့် အီးမေးလ်အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိလို၍ အပတ်တကုတ် လာရောက်သင်ကြားနေ" (အောင်ဇော်ထွန်း)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကျောဖုံးမှ

ကွန်ပျူတာ နည်းပညာများကို အခြေခံမှစပြီး M.Sc ဘွဲ့အထိ သင်ကြားပေးနေသော ရွှေတိဂုံ ဘုရားလမ်း သိမ်ကြီးဈေး(စီ)ရုံ တတိယထပ်ရှိ အမ်စီစီကွန်ပျူတာသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား မြန်မာ့အလင်းက ယင်းတို့၏ ကြိုးစားသင်ယူနေမှုကို လူငယ်လူရွယ်များသို့ အသိပေးနိုင်ရန် သွားရောက်မေးမြန်းခဲ့ပါသည်။

ခံယူချက်

ရေးဦးစွာ ကြည့်မြင်တိုင်မြို့နယ်မှ လာရောက်ပညာသင်ကြားနေသော မောင်ထိန်လင်းက ပြောကြားရာတွင် "နွေရာသီကျောင်းပိတ်ရက် အလဟ သသအချိန်မပြုန်းတီးရအောင် အကျိုးရှိစွာဖြင့် ဒီကွန်ပျူတာအခြေခံ ICT Foundation သင်တန်းကို လာရောက် တက်ရောက်ခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာ နည်းပညာဟက်ဝဲလ်နှင့် ဆော့ဖ်ဝဲလ် အကြောင်းကို ကျွမ်းကျင်တတ်မြောက်သူတစ်ဦးဖြစ်စေလိုကြောင်း၊ ခေတ်နှင့်အညီကွန်ပျူတာနည်းပညာကို တတ်မြောက်သင့်သည်ဆိုသော ခံယူချက်နှင့် လာရောက်တက်ရခြင်းဖြစ်ကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။

ကျွမ်းကျွမ်းကျင်ကျင်

ဆက်လက်၍အဆိုပါ အိုင်စီတီ ဖောင်ဒေးရှင်းသင်တန်းမှ မနီမာဘိုက "ဒီကွန်ပျူတာသင်တန်းကို ဝါသနာ

စာမျက်နှာ ၁၄ ကော်လံ ၀ သို့

"ကွန်ပျူတာနည်းပညာများကို တီထွင်ကြံဆမှုများ ပြုလုပ်လို၍ လာရောက်သင်ယူခြင်းဖြစ်" (မောင်သန့်ဇင်အောင်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

"သင်တန်းများ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားရင်းနှင့် တတ်သိသွားသည်များကို အခြားသင်တန်းသားများအား ပြန်လည်သင်ကြားပေးရသဖြင့် အလွန်ပျော်ရွှင်မိ" (ကိုရာဇာအေးချို)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ဆက်ကပ်ချီးမြှင့်ခြင်း ခံရသော ရန်ကုန်မြောက်ပိုင်းခရိုင်မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် အာယုဒီဃပျိုး ဥ ယျာဉ်စာသင်တိုက်၏ ပဓာန နာယက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ အရိယဝံသ ဆရာတော်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး၍ တပည့် ဒါယကာ၊ ဒါယိကာမများမှ ဂုဏ်ပြုကန်တော့ပူဇာပွဲသဘင်ကို ဧပြီ ၂ရက်က ပြုလုပ်ရာ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က ဆရာတော်အား လှူဖွယ်ပစ္စည်းအစုစုတို့အား ဆက်ကပ်လှူဒါန်းစဉ်။ (၃၆၃)

အာဆီယံဖူဆယ်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် ရည်ရွယ် ပဏာမမြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်ပြင်ဆင်

သတင်းဆောင်းပါး – ကိုထွေး

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နိုင်ငံတကာဖူဆယ် ဘောလုံးပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းကို အားကစားသမား၄၈ဦးရွေးချယ်ထားရာမှ ယခုအခါ အားကစားသမား၂၀ကို ထပ်မံလျှော့ချ ရွေးချယ်လိုက်ပြီဖြစ်သည်။ ပဏာမ မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းသည် ထိုင်းနိုင်ငံ၌ ဧပြီ၂၉ရက်မှ မေ၄ရက်အထိ ကျင်းပမည့် ၂၀၀၆ခုနှစ် အာဆီယံဖူဆယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ သုဝဏ္ဏရှိ ဆောက်လုပ်ရေးဘောလုံးကွင်း၌ လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။

တာဝန်ယူ

ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းကို အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြချုပ်အဖြစ် ဦးအေးမောင်လေး၊ လက်ထောက်နည်းပြအဖြစ် ဦးဖေခင်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်း၌ ပါဝင်ကြသူများမှာ အောင်ဇော်မျိုး**(ဂိုး)**(မြို့တော်စည်ပင်)၊ ကိုကိုအောင်**(ဂိုး)**(တံခွန်)၊ အောင်အောင်ဦး**(ဂိုး)** (ဘဏ္ဍာ/အခွန်)၊ မောင်မောင်ဌေး(မြို့တော်စည်ပင်)၊ တင့်နိုင်ထွန်းသိန်း (မြို့တော်စည်ပင်)၊ ညွှန့်ဝင်း(မြို့တော်စည်ပင်)၊ သန်းဝဏ္ဏအောင်(မြို့တော်စည်ပင်)၊ ကျော်မင်း (ဆောက်လုပ်ရေး)၊ စိုးသီဟအောင်(ဆောက်လုပ်ရေး)၊ ကျော်ဇင်ညွှန့်(ဆောက်လုပ်ရေး)၊ မျိုးလှိုင်ဝင်း(ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းထက် (ဘဏ္ဍာ/အခွန်)၊ ခင်မောင်ထွန်း(ဘဏ္ဍာ/အခွန်)၊ တင်မင်းထွန်း(လယ်ယာထွက်ကုန်)၊ မောင်မောင်မြင့်(ပို့ဆောင်ရေး)၊ ကျော်ဒွန်း(ပို့ဆောင်ရေး)၊ ချစ်ဝေဖြိုး (စမ်းချောင်းလူငယ်)၊ ကျော်စိုး (စမ်းချောင်းလူငယ်)၊ သန်းထိုက်(စမ်းချောင်းလူငယ်)၊ ထွန်းထွန်းဝင်း (စမ်းချောင်းလူငယ်)တို့ ဖြစ်ကြသည်။

အခြေခံရွေးချယ်

မြန်မာနိုင်ငံတွင်ယခင်ကဖူဆယ်ဘောလုံးအားကစားနည်းနှင့် ပတ်သက်၍ ပြိုင်ပွဲကျင်းပပေးခြင်း မရှိခဲ့ချေ။ မြန်မာနိုင်ငံ၌ ဖူဆယ်ဘောလုံး အားကစားနည်းကို ၂၀၀၅ ခုနှစ်မှ စတင်၍ အစပျိုးကစားလာခြင်းဖြစ်သည်။ ပထမအကြိမ် မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှ ဇန်နဝါရီ၁၅ ရက်အထိ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၆၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယခုရွေးချယ်ဖွဲ့စည်းလိုက်သည့်ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းကို ပထမအကြိမ် မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲမှ အားကစားသမားများကို အခြေခံ၍ ရွေးချယ်ထားခြင်း ဖြစ်သည်။

ပထမအကြိမ် မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မြို့တော်စည်ပင်အသင်းက စမ်းချောင်းလူငယ်အသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။ သို့ဖြစ်၍ ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းတွင် မြို့တော်စည်ပင်အသင်းနှင့် စမ်းချောင်းလူငယ်အသင်းတို့မှ အားကစားသမားများ ပါဝင်လာခြင်းဖြစ်သည်။ ပထမအကြိမ် မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲကို အခြေခံ၍ ရွေးချယ်ခြင်းဖြစ်သော်လည်း အဆိုပါပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိသည့် အားကစားသမားအချို့လည်း ပါဝင်ကြောင်း သိရသည်။

လက်ရွေးစင်ဟောင်း

ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်း၌ မြန်မာ့လက်ရွေးစင်ဟောင်း ဘောလုံးသမားများပါဝင်ကြရာ မျိုးလှိုင်ဝင်း၊ ထွန်းထွန်းထက်၊ ခင်မောင်ထွန်း၊ ကျော်မင်း၊ အောင်အောင်ဦး၊ ကိုကိုအောင်၊ မောင်မောင်ဌေး၊ တင့်နိုင်ထွန်းသိန်း၊ တင်မင်းထွန်းနှင့် အောင်ဇော်မျိုးတို့ဖြစ်ကြသည်။ အောင်ဇော်မျိုးသည် အဆင့်မြင့်တန်းမှ မြို့တော်စည်ပင်ဘောလုံးအသင်းတွင် နောက်တန်းလူအဖြစ် ပါဝင်ကစားလျက်ရှိသည်။ မြို့တော်စည်ပင်ဖူဆယ်ဘောလုံးအသင်း၌ ဂိုးသမားအဖြစ် ပါဝင်ကစားရာမှ ယခုကဲ့သို့ လက်ရွေးစင်ဖူဆယ်ဂိုးသမားအဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။

အာရှမှ လက်ရွေးစင်ဖူဆယ်ဘောလုံးအသင်းများသည် ဖူဆယ်ဘောလုံးအားကစားနည်းကို သီးသန့်ကစားကြသူများဖြင့်သာ အခြေခံဖွဲ့စည်းလေ့ရှိကြသည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းကို လက်ရွေးစင်ဟောင်းဘောလုံးသမား အများစုကိုအခြေခံ၍ ရွေးချယ်ရခြင်းမှာ ပြိုင်ပွဲနီးကပ်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ ၂၀၀၅ ခုနှစ်အာဆီယံဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ထိုင်းအသင်းဗိုလ်စွဲထားရာ သုံးနှစ်ဆက်တိုက် ဗိုလ်စွဲခြင်းဖြစ်သည်။

ဖူဆယ်အားကစားနည်း

ဖူဆယ်(Futsal)အားကစားနည်းသည် တစ်သင်းလျှင် ငါးဦးစီ ပါဝင်ကစားရသော အားကစားရုံတွင်း အားကစားနည်းဖြစ်သည်။ မြက်ခင်းတု ဖူဆယ်ဘောလုံးကွင်း၌လည်း ယှဉ်ပြိုင်ကစားနိုင်သည်။ ဖူဆယ် (Futsal) ဆိုသည်မှာ စပိန်၊ ပေါ်တူဂီဘာသာစကားမှ ဆင်းသက်လာသော စကားရပ်ဖြစ်သည်။

ဖူဆယ်ဘောလုံးအသင်းကို အားကစားသမား၁၂ ဦးဖြင့် ဖွဲ့စည်းခွင့်ရှိသည်။ ဘောလုံးအရွယ်အစား နံပါတ်(၄) (တန်ပြန်ခုန်နှုန်း ၃၀ ရာခိုင်နှုန်းလျော့သည်)ဖြင့် ကစားရသည်။ ပထမတာထွက်အသင်း၌ အားကစားသမားငါးဦးစီပါဝင်ပြီး အရန်ကစားသမား ခုနစ်ဦးစလုံးကို အကြိမ်ကြိမ် လဲလှယ်ခွင့်ရှိသည်။ ဘောလုံးကွင်း အပြင်ထွက်လျှင် အချိန်ကို ရပ်ထားပြီး ပထမပိုင်း မိနစ် ၂၀၊ ဒုတိယပိုင်း မိနစ် ၂၀ စုစုပေါင်း မိနစ် ၄၀ တိတိ ယှဉ်ပြိုင်ကစားရသည်။

ကွင်းအကျယ်

ခေတ္တရပ်နားချိန် တစ်ပိုင်းလျှင်တစ်ကြိမ် တောင်းဆိုခွင့်ရှိသည်။ ဖူဆယ်ဘောလုံးအားကစားနည်း၌ လူကျွံဘောမရှိဘဲ ပြစ်ဒဏ်ဘော ငါးကြိမ်ပြည့်ပြီး ခြောက်ကြိမ်မြောက် ပြစ်ဒဏ်ဘောကို ဒုတိယပယ်နယ်တီ အမှတ်အသားမှ ကန်ခွင့်ပြုသည်။ ထုတ်ပယ်ခံရသည့် အားကစားသမားများသည် နှစ်မိနစ်ကြာလျှင် (သို့မဟုတ်)တစ်ဖက်အသင်းမှ ဂိုးသွင်း ပြီးလျှင် လူစားဝင်ခွင့်ပြုသည်။ ကွင်း အကျယ်မှာ မီတာ ၂၀xမီတာ ၄၀၊ ဂိုးအကျယ်မှာ ၂ မီတာ x၃ မီတာ ဖြစ်သည်။

ဂိုးစည်းကျော်သွားသော ဂိုးလွန်ဘောကို လက်ဖြင့်ပစ်ပေးရသည်။ ပခုံးဖြင့်တွန်းခြင်း၊လျှောထိုးဖျက်ခြင်း ခွင့်မပြုပေ။ အလွတ်တည်ကန်ဘောကန်လျှင် တစ်ဖက်အသင်းမှ အားကစားသမားများ ငါးမီတာအကွာ၌ ရပ်ရမည်ဖြစ်သည်။ ဖူဆယ် ဘောလုံးအားကစားနည်းသည် ဘောလုံးအခြေခံကျွမ်းကျင်မှုကောင်းသူများမှသာ ထူးထူးချွန်ချွန်ကစားနိုင်သည့် အားကစားနည်းမျိုးဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့်

မြန်မာနိုင်ငံတွင်ဘောလုံးအားကစားနည်းကို လူကြိုက်များသည့်နည်းတူ ဖူဆယ် ဘောလုံးအားကစားနည်းကိုလည်း ဘောလုံးဝါသနာရှင် များနှစ်ခြိုက်စွာ ကစားလာကြပြီဖြစ်သည်။ ဖူဆယ်ဘောလုံးအားကစားနည်းကို စတင်မိတ်ဆက်ကစားသည်မှာ တစ်နှစ်ကာလပင် မပြည့်သေးသော်လည်း စိတ်ဝင်တစားကစားကြသူ အရေအတွက်မှာ မနည်းလှချေ။ ပထမအကြိမ် မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်းပေါင်း ၂၆၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းကိုကြည့်ပါက ဖူဆယ်အားကစားနည်းသည် မကြာမီနှစ်များအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကစားလာကြဖွယ်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်း ကွာတားဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင် မြို့တော်စည်ပင်က ကမ္ဘောဇကို အချိန်ပို၌ အနိုင်ရရှိ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅–၂၀၀၆ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်ကို ယနေ့ညနေ ၃နာရီ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းက ကမ္ဘောဇအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အားနည်းခဲ့ရ

မြို့တော်စည်ပင် အသင်းသည် ပထမအဆင့် ရှုံးထွက်ပွဲစဉ်၌ တံခွန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင်အနိုင်ရရှိခဲ့ပြီး ယနေ့ပွဲစဉ်၌လည်း အချိန်ပို၌အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ပြီ ဖြစ်သည်။ ကမ္ဘောဇအသင်းတွင် အထူးအားထားရသော တိုက်စစ်မှူးထွန်းမင်းဦးနှင့် နောက်တန်းလူဟန်ဝင်းအောင်တို့ မပါဝင်နိုင်ခြင်းကြောင့် အားနည်းခဲ့ရသည်။ ကမ္ဘောဇအသင်းအတွက်ခြေစွမ်းပြဂိုးများသွင်းယူပေးနေသော တိုက်စစ်မှူးကျော်သီဟကို ဒုတိယပိုင်း၌ လူစားလဲပြီး ထုတ်လိုက်ခြင်းကြောင့်လည်း တိုက်စစ်အားပျော့သွားခဲ့ရခြင်း ဖြစ်သည်။

အဆုံးသတ်မပိုင်

ကမ္ဘောဇအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့သည် ပုံမှန်ပွဲကစားချိန်မိနစ်၉၀၌ ခြေမကွာလှဘဲ သူတင်ကိုယ်တင်ယှဉ်ပြိုင်ကစားနိုင်ခဲ့ကြသည်။ ကမ္ဘောဇအသင်းက ဂိုးသွင်းခွင့်များ ပိုမိုရရှိသော်လည်း အဆုံးသတ်မပိုင်နိုင်မှုကြောင့် အချိန်ပိုသို့ခရီးဆက်ခဲ့ရခြင်းဖြစ်သည်။ ပုံမှန်ပွဲကစားချိန် မိနစ်၉၀ ပြီးဆုံးခါနီး၌ ကမ္ဘောဇအသင်းမှ ရာဇာစိုးသေချာပေါက်ဂိုးသွင်းခွင့်သုံးကြိမ်ရရှိရာ ခြေနုတ်ခြေသိမ်းနှေးနေ၍ သေချာပေါက်ဂိုးများလက်လွတ်ခဲ့ရသည်။

ကန်သွင်းယူ

ဒုတိယပိုင်း၌ မြို့တော်စည်ပင်အသင်းမှ ညွှန့်ဝင်းအစား အောင်ထွေးမောင်ကို လူစားလဲလိုက်ခြင်းမှာ မှန်ကန်သည်ဟုဆိုရပေမည်။ အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် ကမ္ဘောဇ အသင်းက ခြေသာပြီး ပိုမိုထိုးဖောက်ကစားနိုင်ခဲ့သည်။ အချိန်ပို ဒုတိယပိုင်း ၁၀ မိနစ်တွင် ကမ္ဘောဇအသင်းက ထိုးဖောက်တိုက်စစ်ဆင်ကစားရာမှ ဘောလုံးပျက်သွားစဉ် မြို့တော်စည်ပင်အသင်းက တန်ပြန်တိုက်စစ်မှတစ်ဆင့် အနိုင်ဂိုးရရှိသွားခြင်းဖြစ်သည်။ မြို့တော်စည်ပင်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်း၌ လူစားဝင်ကစားသည့် အောင်ထွေးမောင်က ဂိုးသမားနှင့် တစ်ဦးချင်းရင်ဆိုင်တွေ့သည့် အနေအထားမှ ကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။

အကြိုဗိုလ်လုပွဲ

မြို့တော်စည်ပင် အသင်းသည် တံခွန်အသင်းကို နှစ်ဂိုးအရှုံးမှ ချေပဂိုး နှစ်ဂိုးပြန်သွင်းကာ ပယ်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရရှိခဲ့ပြီး ယနေ့ပွဲစဉ်တွင်လည်း ခြေရည်တူ အနေအထားတွင် အချိန်ပို၌ တစ်ဂိုးဖြင့် ကပ်နိုင်ခဲ့ခြင်းဖြစ်ရာ ကံကြမ္မာ၏ မျက်နှာသာပေးခြင်းခံရသည်ဟု ဆိုရပေမည်။ မြို့တော်စည်ပင်အသင်းသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ရာ ဆောက်လုပ်ရေးအသင်းနှင့် ပြည်ထဲရေးအသင်းတို့၏ ပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် ဧပြီ ၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ဧပြီ ၆ ရက်**(ယနေ့)**ညနေ ၃ နာရီ ၄၅ မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပေလီဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၅

ဦးထူးတင် (လင်းအောင်ကုမ္ပဏီမန်နေဂျာ)သည်ကစားဖော်များဖြစ်ကြသော ဦးအောင်နိုင်ဦး၊ ဦးဖိုးရီအောင်၊ ဦးခိုင်ထွန်းလင်းတို့နှင့်အတူ မတ် ၁၈ ရက် ညနေ ၃နာရီခွဲက သံတွဲမြို့ ငပလီကမ်းခြေဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon (01)ဘောလုံးကို Ping Zing Iron-8 သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၆ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ်၂သို့ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကွယ်လွန်သူ မိဘနှစ်ပါးအားရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် သိပ္ပံလမ်း အမှတ် ၂၉ နေ ဒေါ်မြနွယ်နှင့် သမီး ဒေါ်မြင့်မြင့်၊ ခင်ရူပါချော၊ ဦးဝင်းမြင့်အောင်တို့မှ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၁၀၀၀ ကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အမျိုးသမီးဘောလုံးဒိုင်လူကြီးနှစ်ဦး တာဝန်ထမ်းဆောင်ရန် မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၅

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဧပြီ ၈ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် အသက်(၁၉)နှစ်အောက် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်များ၌ ဒိုင်လူကြီး တာဝန်ထမ်းဆောင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ အမျိုးသမီး ဘောလုံးဒိုင်လူကြီးများဖြစ်ကြသည့် ဒေါ်အေးအေးမူ (ရထားပို့ဆောင်ရေး)နှင့် ဒေါ်ကော့ဂျာ (ဟိုတယ်/ခရီး)တို့နှစ်ဦးသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ယှဉ်ပြိုင် အေစီမီလန်နှင့် ဗီလာရီးရဲ အကြိုဗိုလ်လုပွဲတက်ပြီ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

မီလန် ဧပြီ ၅

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပြိုင်ပွဲများကို ဧပြီ ၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အေစီမီလန်အသင်းနှင့် ဗီလာရီးရဲအသင်းတို့ အသီးသီးအနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး ဖြစ်သည်။

အေစီမီလန်အသင်းနှင့် လီယွန်အသင်းတို့ ယှဉ်ပြိုင် ကစားကြရာတွင် အေစီမီလန်အသင်းက လီယွန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံလိဂ်အကြို ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။



တတိယမြောက်ဂိုး

ဖီးလစ်ပိုအင်ဇာဂီနှင့် ရှက်ဗ်ချင်ကိုတို့က နောက်ဆုံးပွဲပြီးရန် နှစ်မိနစ်အလိုတွင် တစ်ဂိုးစီသွင်းယူကာ အေစီမီလန်အသင်းကို အကြိုဗိုလ်လုပွဲသို့ အရောက်ပို့ပေးလိုက်ခြင်းဖြစ်သည်။ စောစောပိုင်းက အင်ဇာဂီက ၂၅ မိနစ်တွင် အေစီအတွက် ဖွင့်ဆော်ဦးဂိုး သွင်း ပေးထားနိုင်ခဲ့သည်။ ယင်းနောက် ပွဲချိန် ၈၈မိနစ်တွင် ၎င်းကပင် ဒုတိယမြောက် တစ်ဂိုးသွင်းပေးပြီး ရှက်ဗ်ချင်ကိုက တတိယမြောက်ဂိုးကို သွင်းယူပေးခဲ့သည်။

ချေပဂိုးသွင်းယူ

အင်ဇာဂီက ပွဲချိန် ၂၅ မိနစ်တွင် ခေါင်းတိုက်ဂိုးဖြင့် အေစီအတွက် စောစီးစွာ ဦးဆောင်မှုကို ပေးနိုင်ခဲ့သည်။ သို့ရာတွင် လီယွန်ကစားသမား ဒီယာရာက ပွဲချိန် ၃၁ မိနစ်၌ ချေပဂိုးသွင်းယူခဲ့သည်။

လီယွန်က အဝေးဂိုးဖြင့် အနိုင်ရတော့မည့်အနေအထားကို ဒီယာရာက ဖန်တီးပေးနိုင်ခဲ့၍ မန်ယူမန်နေဂျာ ဖာဂူဆန်က ဒီယာရာကို ခေါ်ယူရန် အသင့်စောင့်နေလျက်ရှိသည်။

စံချိန်တင်ထားနိုင်

ရှက်ဗ်ချင်ကို၏ ပွဲသိမ်းဂိုးမှာ ယင်းပြိုင်ပွဲ၏ စံချိန်တင်ဂိုးဖြစ်သွားသည်။၎င်းဂိုးမှာ ရှက်ဗ်ချင်ကို၏ အဆိုပါချန်ပီယံလိဂ်ပြိုင်ပွဲတစ်လျှောက် ၅၂ ဂိုးသွင်းခြင်းဖြင့် စံချိန်တင်ထားနိုင်ခဲ့သည်။

ကျော်လွန်သွား

အေစီမီလန်နောက်ခံလူနက်စတာ ဂိုးသမား ဒီဒါကို အပေးမှားကန်ခဲ့သည်။ သို့ရာတွင်လီယွန်မှ ဝီလ်တော့ ဂိုးမသွင်းနိုင်ဘဲ ဖြစ်သွားရသည်။ ဒီဒါနှင့် ကာလက်ဇီတို့ ပထမပွဲပြီးရန် ၁၅ မိနစ်အလိုတွင် အေစီဂိုးအတွင်း ရောထွေးနေစဉ် လီယွန်ကစားသမား မာလောက်ဒါ သွင်းယူရာ ဂိုးတန်းပေါ် ကျော်လွန်သွားသည်။

လီယွန်က ဘောလုံးပိုင်ဆိုင်မှုဖြင့် တိုက်စစ်ဆင်ကစားရာ ဂျူနင်ဟို၏ ၂၅ ကိုက်အကွာမှ အလွတ်တည်ကန်ဘောကို ဒီဒါကာကွယ်ပေးနိုင်ခဲ့သည်။ မီလန်မှ ဂျက်စတမ်း ပွဲပြီးရန် ၂၃ မိနစ်တွင် ဒူးဒဏ်ရာရသွားသဖြင့် ဦးဆောင်ယှဉ်ပြိုင်မှု အရှိန်လျော့ကျသွားသည်။ နောက်ဆုံး၌ အေစီမီလန်က ပွဲပြီးရန် နှစ်မိနစ်အတွင်း နှစ်ဂိုး ဆက်တိုက် သွင်းယူသွား၍ လီယွန်တို့၏ ချန်ပီယံလိဂ်ဖလားရရှိရေးအိပ်မက်မှာ နိဂုံးချုပ်သွားရသည်။

အင်တာမီလန် အသင်းမှ အက်ဒရီယာနို (ယာ)**နှင့်ဗီလာရီးရဲမှ ပီနာတို့ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

အေစီမီလန် ကွင်းလယ်ကစားသမား အမ်ဘရိုစီနီ(ဝဲ)**နှင့်လီယွန် ကွင်းလယ်ကစားသမား ဖလောရင့်မာလောက်ဒါတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

အကြိုဗိုလ်လုပွဲတက်

ထိုနေ့က ဗီလာရီးရဲအသင်းနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဗီလာရီးရဲက အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ယင်းတို့နှစ်သင်းသည် ပထမအကျော့တွင် အင်တာမီလန်က အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားခဲ့သည်။ သို့ရာတွင် ယင်းတို့နှစ်သင်း နှစ်ပွဲပေါင်း နှစ်ဂိုး-နှစ်ဂိုးသရေကျခဲ့သော်လည်း ဗီလာရီးရဲ၏ တစ်ဂိုးမှာ အဝေးဂိုးဖြစ်နေ၍ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အကြိတ်အနယ်ကစား

ဗီလာရီးရဲအသင်းအတွက်တစ်လုံးတည်းသောအနိုင်ဂိုးကို အာရယာဘာရီနာက ပွဲချိန်၅၈မိနစ်တွင် ခေါင်းတိုက်၍ သွင်းယူခဲ့သည်။ အဆိုပါ နောက်တန်းလူက ပွဲချိန်၅၈မိနစ်တွင် ရီကွယ်မီ၏ အလွတ်တည်ကန်ဘောမှ တစ်ဆင့် ခေါင်းတိုက် သွင်းယူခြင်း ဖြစ်သည်။ ယင်းဂိုးသွင်းနိုင်သဖြင့် ဗီလာရီးရဲတို့အိမ်ကွင်း၌ ပွဲစဉ်တစ်လျှောက်လုံး ဖိထားနိုင်ခဲ့ကာ ပွဲပြီးသည်အထိ ဂိုးပြန်မပေးရရေး အကြိတ်အနယ်ကစားခဲ့ကြသည်။

နောက်ဆုံး၌ ဗီလာရီးရဲ၏နောက်တန်းကို မကျော်လွှားနိုင်၍ အင်တာမီလန်တို့ ကွာတားဖိုင်နယ်မှ အိမ်ပြန်သွားကြရသည်။

အခွင့်အလမ်း

ဗီလာရီးရဲအသင်းသည် စပိန်လာလီဂါတွင် နံပါတ်(၈) နေရာရှိနေသောအသင်းဖြစ်သည်။ လာမည့်နှစ် ချန်ပီယံလိဂ်ရာသီတွင် ခြေစစ်ပွဲများ အောင်နိုင်ရေး အခွင့်အလမ်း တစ်ရပ်ကို ရှာဖွေရန် ဆက်လက်ကြိုးပမ်းလျက်ရှိသည်။

နှုတ်ဆက်ခဲ့ရ

သို့ရာတွင် အင်တာမီလန်အသင်းသည် ပထမအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ဗီလာရီးရဲကို နိုင်ခဲ့သော်လည်း ဒုတိယနှစ်မြောက် အဖြစ် ကွာတားဖိုင်နယ်မှ နှုတ်ဆက်ခဲ့ရပြီ ဖြစ်သည်။

အလဲထိုးခံရ

နှစ်သင်းစလုံး ပွဲအစတွင် အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြ၍ နောက်တန်းမလုံသော အင်တာမီလန်တို့ ဗီလာရီးရဲ၏ အငိုက်အလဲထိုးမှုကို ခံလိုက်ရသည်။

လက်လွတ်ဆုံးရှုံး

ဗီလာရီးရဲမှ ဂျာဗီဗန်တာဖြတ်ပို့သော အကောင်းဆုံး ဘောလုံးကို ဂျို့စ်မာရီ မသွင်းနိုင်ခဲ့၍ တစ်ဂိုး လက်လွတ် ဆုံးရှုံးသွားခဲ့သည်။

ကာကွယ်နိုင်

ဒုတိယပိုင်းတွင် ဗီလာရီးရဲတို့ ဘောလုံးပိုင်ဆိုင်မှု ကောင်းလာပြီး ရီကွယ်မီ အကောင်းဆုံးခြေစွမ်းပြကစားလာသည်။ ၎င်း၏အဝေးမှလှမ်းကန်ထည့်သောဘောလုံးနှစ်ကြိမ်မှာ အိမ်ရှင်ပရိသတ်အတွက် လက်ခုပ်ဩဘာသံများ ဆူညံသွားစေသည်။ ဗီလာရီးရဲကစားသမားဖော်လန်၏ ကန်သွင်းမှုကိုလည်း အင်တာမီလန်ဂိုးသမား တော်လ်ဒို ကျွမ်းထိုး ကာကွယ်နိုင်ခဲ့သည်။ ။ **(အင်တာနက်)**

(ဦးလှအောင်)-ဒေါ်ခင်စန်းတို့ အားအမှူးထား၍ တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ဓမ္မရာဇာလမ်း အမှတ် ၁၀၉နေ ဦးတင်မောင်လွင်-ဒေါ်သန်းသန်းဌေး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗဟန်းမြို့နယ် ပညာ့အလင်းစာကြည့်တိုက် နှစ်ပတ်လည်နေ့ကျင်းပ

ရန်ကုန် ဧပြီ ၅

ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ပညာ့အလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှစ်ပတ်လည်နေ့ အခမ်းအနားကို ဧပြီ ၄ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်**(အောက်ပုံ)**က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်အေးအေးဆင့်က စာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၌ ပထမဆုရရှိသောကျောင်းသူ မအေးမြဇင်အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်အေးအေးဆင့်က ဆုချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

Topsyne ဆေးမိတ်ကပ်၏ ပဥ္စမအကြိမ်ကံစမ်းမဲဖွင့် အရောင်းကိုယ်စားလှယ်များအား အကောင်းဆုံးဆုပေးအပ်

ရန်ကုန် ဧပြီ ၅

Apple Cosmetic ၏ ဒုတိယ အကြိမ် Topsyne ဆေးမိတ်ကပ်၏ ပဥ္စမအကြိမ်ကံစမ်းမဲဖွင့်ပွဲနှင့် အရောင်းကိုယ်စားလှယ်များအား ရောင်းအားအကောင်းဆုံး ဆုပေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပန်ဒါဟိုတယ်ပုလဲခန်းမ၌ကျင်းပရာ Apple Cosmetic မှ တာဝန်ရှိသူများ၊ အရောင်း ကိုယ်စားလှယ်များ၊ စာနယ်ဇင်းမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ချီးမြှင့်

ရှေးဦးစွာ အရှေ့ဖျား အလှ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ပေးနေသော Apple Cosmetic ၏ နည်းပညာသစ်၊ အလှဖန်တီးပစ္စည်းများဖြစ် သည့် Apple Medicated Cream (မိတ်ကပ်)၊ Apple Pimple Cream (ဝက်ခြံပျောက်ခရင်မ်)၊ Apple တင်းတိတ်ပျောက်ခရင်မ်၊ မျက်နှာပေါင်းတင် Mask၊ ခရင်မ်ပတ်အမျိုးမျိုး၊ မျက်နှာရေသွင်းဂျယ်၊ ရှန်ပူ အမျိုးမျိုး၊ ဆံပင်ဆိုးဆေးနှင့် Skin Care တို့ကို မန်နေဂျင်းဒါရိုက်တာ ဒေါ်လီလီက မိတ်ဆက်ပေးပြီး ဒါရိုက်တာဦးခင်ညွန့်**(အောက်ပုံ)**နှင့် ဒါရိုက်တာ ဒေါ်လဲ့လဲ့လျှံတို့က ရောင်းအား အကောင်းဆုံးဆုများကို ချီးမြှင့်သည်။

ဖွင့်လှစ်ပေး

ယင်းနောက် Apple Cosmetic ၏ ဒုတိယအကြိမ်နှင့် Topsyne ဆေးမိတ်ကပ်၏ ပဥ္စမအကြိမ် ကံစမ်းမဲဖွင့်ပွဲကို ရုပ်ရှင်ဗီဒီယို သရုပ်ဆောင်များနှင့် ခေတ်ပေါ်တေးသံရှင်များက ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

"ပြည်ပမှာ သွားရောက်သင်ကြားရမယ့် သင်တန်းတစ်ခုကို မြန်မာနိုင်ငံမှာ တက်ရောက်သင်ကြားနိုင်၍ ဂုဏ်ယူမိ"(မစုလှိုင်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာ ၁၁ မှ

ပါပြီး ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်စေလိုသည့် ဆန္ဒနှင့် လာရောက် တက်ရောက်ခြင်းဖြစ် အထူးသဖြင့် Photo Shop ပညာကို သင်ကြားတက်မြောက်လိုကြောင်း၊ နောက်ဆုံးနှစ် (ဓာတုဗေဒ)အဓိကဖြင့် ကျောင်းတက်ထားသူ ဖြစ်သော်လည်း ကွန်ပျူတာပညာကို တတ်မြောက်သင့်သည်ဟူသော ရည်ရွယ်ချက်ဖြင့် တက်ရောက်ခြင်းဖြစ်ကြောင်း" သူမက မြန်မာ့အလင်းသို့ ပြောကြားသည်။

ထို့နောက် ဆိပ်ကြီးခနောင်တိုမှ ကွန်ပျူတာပညာကို အပတ်တကုတ် လာရောက်သင်ကြားနေသော မောင်အောင်ဇော်ထွန်းက "ယနေ့ခေတ်နှင့်အညီကွန်ပျူတာနည်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလို၍ လာရောက်ပညာသင်ကြားရကြောင်း၊ အင်တာနက်နှင့် အီးမေးလ်အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်သိလိုကြောင်း" ပြောကြားသည်။

ယင်းနောက် IDCS သင်တန်း တက်ရောက်နေသော မောင်မျိုးသီဟလှိုင်က "IDCS ဆိုသည်မှာ ကွန်ပျူတာတွင် နိုင်ငံတကာ ဒီပလိုမာ၏ အခြေခံအဆင့် ပထမနှစ်သင်တန်းဖြစ်ကြောင်း၊ တိုင်းပြည်မှာ လိုအပ်နေသော အိုင်တီနယ်ပယ်တွင် ပြည်ပအားမကိုးဘဲ ပညာရှင်တစ်ယောက် ဖြစ်လာစေရန်အတွက် ရည်ရွယ်လျက် သင်တန်းကို တတ်ရောက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာအလယ်တွင် မြန်မာ့အိုင်တီလောကကို ချဲ့ထွင်ရန်လည်း ရည်ရွယ်ကြောင်း မြန်မာလူငယ်တစ်ယောက် အနေဖြင့် မြန်မာယူနီကုတ်ကို အောင်မြင်စွာ တီထွင်နိုင်ခဲ့မှုကိုလည်း အားကျဂုဏ်ယူမိကြောင်း" ပြောကြားသည်။ ၎င်းနောက် တာမွေမှ မစုလှိုင်က တက္ကသိုလ်ဝင်တန်း အောင်ပြီးအချိန်ကို အကျိုးရှိစွာ အသုံးချလို၍ IDCS သင်တန်းကိုလာရောက်သင်ယူနေကြောင်း၊ ပြည်ပမှာ သွားရောက်သင်ကြားရမည့် သင်တန်းတစ်ခုကို မြန်မာနိုင်ငံမှာတက်ရောက်နိုင်၍ဂုဏ်ယူမိကြောင်း၊ IDCS လက်မှတ်ရထားပါက ဘယ်နိုင်ငံမှာဖြစ်ဖြစ်

"ကွန်ပျူတာသင်တန်းကို ဝါသနာပါပြီး ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်စေလိုတဲ့ဆန္ဒနဲ့ တက်ရောက်ခြင်းဖြစ်"(မနီမာဘို)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အလုပ်အကိုင်ရရန်လည်း လွယ်ကူကြောင်း၊ မိမိနိုင်ငံမှာ IDCS သင်တန်းကို တက်ရောက်နိုင်၍ အချိန်နှင့် ငွေကုန်ကြေးကျ သက်သာကြောင်း"မြန်မာ့အလင်းသို့ပြောကြားသည်။

တီထွင်ကြံဆ

တစ်ဖန် IDCS သင်တန်းတက်ရောက်နေသော မောင်သန့်ဇင်အောင်က"တက္ကသိုလ်ဝင်တန်းအောင်ပြီး ကွန်ပျူတာနည်းပညာများကို တီထွင်ကြံဆမှုများပြုလုပ်လို၍လာရောက်သင်ယူရကြောင်း၊ ယင်းသင်တန်း၏ ထူးခြားချက်မှာ ကွန်ပျူတာနည်းပညာသက်သက်မဟုတ်ဘဲ ကွန်ပျူတာနည်းပညာနှင့် စီးပွားရေးပညာ ပေါင်းစပ်ထား၍ အထူးစိတ်ဝင်စားကြောင်း၊ အိုင်တီနည်းပညာများ တိုးတက်လာအောင် ကြိုးစားလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ IADS သင်တန်း တက်ရောက်နေသော ကိုရာဇာအေးချို့က ကျောင်းတက်ရင်းနဲ့ အခြားသူများကိုလည်း ပြန်လည် သင်ကြားပေးရသည့်အတွက် ကုသိုလ်လည်းရ ဝမ်းလည်းဝကြောင်း၊ သင်တန်းများကို တစ်ဆင့်ပြီးတစ်ဆင့် တက်သွားရင်းနှင့် တတ်သိသွားသည်များကို အခြားသင်တန်းသားများအား ပြန်လည်သင်ကြားပေးရသဖြင့်အလွန်ပျော်ရွှင်မိကြောင်း" ဖြင့် ပြောကြားသည်။

လူ့စွမ်းအားအရင်းအမြစ်

ကွန်ပျူတာ နည်းပညာများသည် လူငယ်များအကြား ကျွမ်းကျင်စွာ တတ်မြောက်ထားသင့်သည့် ပညာရပ်တစ်ခု ဖြစ်လာသည်။ ကွန်ပျူတာနည်းပညာဖြင့် ကမ္ဘာ့ကိုရင်ပေါင်တန်းလာနိုင်စေရန် ယနေ့လူငယ်လူရွယ်များသည် အဓိကကျသည့်လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည်။

သို့ဖြစ်၍ ယနေ့ခေတ် ယနေ့ လူငယ်လူရွယ်များသည် ကွန်ပျူတာ နည်းပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုရန်လည်းကောင်း၊ ကွန်ပျူတာနည်းပညာသုံး လုပ်ငန်းအမျိုးမျိုးတွင် ပါဝင်လုပ်ကိုင်နိုင်ရန် လည်းကောင်း၊ ကျွမ်းကျင်သည့် ကွန်ပျူတာပညာရှင်တစ်ဦးအဖြစ် ရပ်တည်နိုင်လာရန် လည်းကောင်း အချိန်ကုန်သက်သာ၍ ငွေကြေးကုန်ကျမှုစရိတ် နည်းသော ပြည်တွင်း ကွန်ပျူတာသင်တန်းအသီးသီးကို တက်ရောက်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်က လိုအပ်နေသော အိုင်တီပညာရှင်များ အမှန်တကယ် ဖြစ်ထွန်းလာစေမည်ဟု ယုံကြည်မိပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မီးသတ်စခန်းများစစ်ဆေး

ရန်ကုန် ဧပြီ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တွံတေးနှင့် ဒလမြို့နယ် မီးသတ်စခန်းများသို့ သွားရောက်၍ မီးသတ်စက်ယာဉ်များ ကြံ့ခိုင်မှု၊ မီးဘေး ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်နှင့် လောင်စာဆီသုံးစွဲမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များ စည်းကမ်းကောင်းမွန်ရေး၊ အသင့်ရှိစေရေးတို့အတွက် အသေးစိတ်မှာကြားသည်။

(သတင်းစဉ်)

သီတဂူကြာတစ်ပွင့်တရားပွဲ

ရန်ကုန် ဧပြီ ၅

ဦးစိုးသိန်း-ဒေါ်မေသက်ဦးတို့၏ မင်္ဂလာငွေရတု အထိမ်းအမှတ်အဖြစ် ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ကျင်းပသော ဓမ္မပူဇာသဘင်တွင် သီတဂူကြာတစ်ပွင့် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာသီရိလင်္ကာရ အရှင်မြတ်သည် ဧပြီဖရက် ည၇နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်၍ ကြွရောက်နာယူနိုင်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကြို့ပင်ကောက်မြို့၌ စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

ကြို့ပင်ကောက် ဧပြီ ၁

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့နယ်၌ စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၂၇ ရက် ညနေ ၃နာရီက ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ်တွင် ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီးနိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် တိုက်ကျောင်းပါဠိတက္ကသိုလ်၏ ပဓာန နာယက အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာစာရထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းက နိကာယ် ရှစ်ပါး၊ ပထမကြီး၅၈ပါး၊ပထမလတ်အပါး၂၀နှင့်ပထမငယ်၃၄ပါး စုစုပေါင်း စာအောင်ဆရာတော်အပါး၈၀အား အောင်လက်မှတ်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် တိုက်ကျောင်းပါဠိ တက္ကသိုလ် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာစာရဆရာတော်က အနုမောဒနာတရား ဟောကြားတော်မူကြောင်း သိရသည်။ **(၀၄၀)**

မတ် ၂၈ ရက် က လမ်းမ တော် မြို့နယ် အမှတ် ၉ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်မူနှင့် အသင်းဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကလေးသူငယ်များအား ဗီတာမင်အေ တိုက်ကျွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မြေပုံမြို့နယ် ကျေးရွာချင်းဆက် လမ်းဖြစ်သောပဲကောက်-ကံသာကျောက်ချော လမ်းခင်းနေမှုကို မတ် ၁၂ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းလင်းထွန်းတို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မြိတ်မြို့ မြိတ်တောင်နယ်မြေနှင့် အလယ်ကျွန်းနယ်မြေသို့ ဆက်စပ်လျက်ရှိသော ထားဝယ်ကမ်းလမ်းနှင့် တံတားဖွင့်ပွဲကို မတ် ၁၆ ရက်က အဆိုပါ မုခ်ဦးထိပ်တွင် ကျင်းပရာ မြို့နယ် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၊ လမ်းဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ငွေ၊ အလယ်ကျွန်း ရပ်ကွက်ဥက္ကဋ္ဌ ဦးဘကြွယ်၊ တံတားအလှူရှင်ကျော်ကျော်ဖြိုးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

ရွှေဘိုမြို့၌ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ကျင်းပ

ရွှေဘို ဧပြီ ၄

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မတ်၂၄ရက် နံနက်၁၀နာရီက ရွှေဘိုခရိုင် ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ခရိုင်ဆရာဝန်ကြီး ဒေါက်တာမြသိန်း၊ တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ဒေါ်လဲ့လဲ့ဝေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးဌာနဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံမှ ပေးပို့သောသဝဏ်လွှာကို ခရိုင်ဆရာဝန်ကြီး ဒေါက်တာမြသိန်းက ဖတ်ကြားကြောင်း သိရသည်။
(ခရိုင် ပြန်/ဆက်)

ချင်းတွင်းဓမ္မရိပ်သာ မဟာသကြၤန် တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရန်ကြီးအောင်လမ်းရှိ ချင်းတွင်းဓမ္မရိပ်သာကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာသကြၤန်တရားစခန်းကို ဧပြီ ၁၃ရက်မှ ၁၇ ရက် အထိ ဖွင့်လှစ်၍ ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း) ဆရာတော်နှင့် ဘဒ္ဒန္တ သံဝရာစာရ (တန့်ဆည်)တို့က သဲအင်းဂူ ဆရာတော်၏ ဥပနိဿယအတိုင်း ဟောကြားသွားမည်ဖြစ်သည်။ စခန်းဝင်လိုသူများသည် ဧပြီ ၁၂ ရက်နေ့ထက်နောက်မကျစေဘဲ ဖုန်း-၆၅၁၀၈၁သို့ ဆက်သွယ်စာရင်းပေး သွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။
(က-ပ)

ရေနုတ်မြောင်းတူးဖော် ချုံနွယ်များရှင်းလင်း

ဆွမ်ပရာဘွမ် မတ် ၂၀

ဆွမ်ပရာဘွမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် အတွက် ဆောင်ရွက်လျက်ရှိရာ မတ် ၃ရက်က စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်ပြည်သူများစုပေါင်း၍ မြို့အတွင်း၌ ရေနုတ်မြောင်းတူးဖော်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးလှသိန်းထွန်းက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။
(ပြည်နယ်စည်ပင်)

မီးဘေးအန္တရာယ် သတိပြု

ပုလောမြို့၌နှင်းဆီ(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်

ပုလော မတ် ၃၀

ပုလောမြို့ အမှတ်(၂) ရပ်ကွက် နှင်းဆီ(၂) လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကိုမတ်၂၀ရက် နံနက်၇နာရီက အဆိုပါလမ်း၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါဖွင့်လှစ်သော ကတ္တရာလမ်းမှာ အကျယ်၁၂ပေ၊ အရှည်ပေ၁၁၀၀ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၉၅၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရေဦးမြို့ မဟာဗန္ဓုလလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရေဦး မတ် ၃၁

မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်သော ရေဦးမြို့ အောင်ဆန်းရပ်ရှိ မဟာဗန္ဓုလလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက အဆိုပါ မဟာဗန္ဓုလလမ်းမုခ်ဦးထိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်အေးက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးငွေးကိုက မဟာဗန္ဓုလလမ်း ဖောက်လုပ်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်မြို့နယ်ဥက္ကဋ္ဌဦးထင်ကျော်အေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးငွေးကိုနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းဦးတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(ယာပုံ)** **(၃၇၈)**

မြန်မာ့အသံ

၇-၄-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (တောင်ဒဂုံစက်မှုဇုန်က ဖယောင်းတိုင်စက်ရုံအကြောင်း)

၁၁:၃၅ သုတကမ္ဘာ

၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (သွေးတိုးရောဂါ ကာကွယ်ပါ)

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ပိတောက်မပွင့်သည့်သကြၤန်)

ညနေပိုင်း

၁၆:၃၀ ဟောပြောချက် (မူးယစ်ဆေးဝါးကင်းစင်သည့် မြန်မာနိုင်ငံဖြစ်ပေါ်ရေး-တက္ကသိုလ်သခ်)

၁၇:၃၀ မေတို့ရေးရာသိမှတ်စရာ (မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး-ဒေါက်တာဒေါ်ခင်မေသစ်)

၁၇:၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၈:၂၅ ကျေးလက်ဇာတ်လမ်း (သွေးလေလျှောက်တဲ့ရှောက်)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အသက်ရှည်ကျန်းမာရေးအတွက်ကိုယ်လက်လှုပ်ရှားမှုအရေးပါပုံ-မောင်ဆုရှင်)

၁၉:၁၅ မေတ္တာလက်ဆောင်ရ သကြၤန်တေးစီးရီး(မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ငယ်ဖော်မျှော်မယ့် သကြၤန်တေးစီးရီး)

6-4 (15).p65 1 1/7/32, 4:06 PM

ဟားခါးမြို့ ခွာရုံကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်လှစ်

ဟားခါး မတ် ၃၁

ချင်းပြည်နယ် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေး နှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ခွာရုံကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှနှင့်ပြည်နယ်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်လမ်းသစ်ကို ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၁) ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်ပေး

အဆိုပါ ကတ္တရာလမ်းသစ်ကို ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၂၇၄၅၀၀၀ ဖြင့် အကုန်အကျခံ၍ အရှည်ပေ ၉၅၀၊ အကျယ် ၁၀ပေကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင် ကျောင်းတိုက်ပရိဝုဏ် အတွင်း ငွေကျပ် သိန်း ၃၀၀ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သော သိမ်အဆောက်အအုံသစ်အတွက်မတ် ၂၃ရက်က သာသနာပြုနယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တ ဝိမလထံ မော်လမြိုင် မရမ်းကုန်းရပ် ပုလဲလမ်း အမှတ်(၄၄) နေ ဦးမြင့်လွင်(မြင့်သိပ္ပံ) – ဒေါ်တင်တင်နွဲ့ မိသားစုတို့က ငွေကျပ် ၃၅၀၀၀၀ ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

ဒိုက်ဦးမြို့နယ် ပန်းခိုင်ကျေးရွာ၌ ဖောင်တော်သီကျေးရွာနေ အလှူရှင် ဦးဇော်မိုးခိုင်–ဒေါ်လှလှမြိုင်တို့က ဆောက်လုပ်လှူဒါန်းသော ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ပန္နက်တင် မင်္ဂလာအခမ်းအနားကို မတ် ၁၉ ရက်က အဆိုပါရွာ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် အလှူရှင် ဦးဇော်မိုးခိုင်–ဒေါ်လှလှမြိုင် မိသားစုတို့က ပန္နက်ရိုက်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို မတ် ၉ ရက်က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးရှေ့တွင်ကျင်းပရာ ပဏ္ဍိတာရာမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာနန္ဒက အလှူငွေကျပ်နှစ်သောင်းကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှသို့ လှူဒါန်းစဉ်။ (၂၆၆)

တွံတေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

တွံတေး မတ် ၂၀

တွံတေးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီ အစည်းအဝေးကို မတ် ၉ရက် နံနက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ သဘာပတိ ဒေါက်တာသိန်းဇော်မြင့်နှင့် ဦးစံငွေတို့က ဆောင်ရွက်ကြသည်။

ရွေးချယ်

အခမ်းအနားတွင် အမှုဆောင်အဖွဲ့သစ်ကို ပြန်လည်ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးမြတ်ထွန်း (ဖိုးတေ–တောသား)၊ အတွင်းရေးမှူး ဦးအေးသောင်း(မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး) နှင့် ဘဏ္ဍာရေးမှူး ဦးကျော်သန်း (မြို့နယ်သတင်းထောက်)တို့ ပါဝင်သော အမှုဆောင်အဖွဲ့ကို ရွေးချယ်ကြသည်။

ဆုံးဖြတ်

ထို့နောက် ရှေ့လုပ်ငန်းစဉ်အဖြစ် မြို့နယ်မဂ္ဂဇင်းထုတ်ဝေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးရေးအတွက် စာအုပ်လှူဒါန်းနိုင်ရေး ကူညီဆောင်ရွက်ရန် ဆုံးဖြတ်ကြသည်။

(၃၈၀)

အမြို့မြို့ အနယ်နယ် သတင်းများ

တာချီလိတ်၌ ခြစ်စည်းရိုးကြက်ဆူပင်မျိုးစေ့နှင့်ပျိုးကိုင်းများပေးအပ် ပျိုးထောင်နည်းနှင့် ဇီဝလောင်စာဆီ အသုံးဝင်ပုံရှင်းလင်း

တာချီလိတ် မတ် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်တွင် ခြစ်စည်းရိုးကြက်ဆူပင် မျိုးစေ့၊ ပျိုးကိုင်းများပေးအပ်ခြင်းနှင့် ပျိုးထောင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက ဟောင်လိတ်ကျေးရွာအုပ်စုရှိ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်တွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးခင်မောင်ဝင်းက ခြစ်စည်းရိုး ကြက်ဆူမျိုးစေ့ပျိုးထောင်နည်းစနစ်များကိုလည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်က ကြက်ဆူဆီမှတစ်ဆင့် ဇီဝလောင်စာဆီအသုံးဝင်ပုံကိုလည်းကောင်းရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက ကြက်ဆူပျိုးကိုင်းစိုက်ရန် မြေ ၁၀ဧက အတွက် ပျိုးကိုင်း ၁၂၀၀၀၊ မျိုးစေ့စိုက်ပျိုးရန် မြေ ၂၆၁ ဧကအတွက် ကြက်ဆူမျိုးစေ့ ၁၆ ဒသမ ၃ တင်းတို့ကို ဖြန့်ဝေပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် တက်ရောက်လာကြသူများက သစ်တောဦးစီးဌာန ပျိုးဥယျာဉ်တွင် ကြက်ဆူမျိုးစေ့များကို စုပေါင်းပျိုးထောင်ပေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

ပန်ဆောင် မတ် ၂၁

ပန်ဆောင်မြို့တွင် စည်ပင်သာယာရေးအဖွဲ့သည် ပန်ဆောင်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နေပြည်သူများ စုပေါင်း၍ မြို့တွင်း၌ ပန်းအလှပင်နှင့် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးကြရာ တာဝန်ခံ ဦးတင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းဦးတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(ပြည်နယ် စည်ပင်)

မုံရွာခရိုင်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လက်နှိပ်တုံကင်တူးဖော်ရန် ငွေလှူဒါန်း

မုံရွာ မတ် ၃၁

မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကျဉ်းဦးစီးဌာန မုံရွာအကျဉ်းထောင်သို့ လက်နှိပ်တုံကင်ရေတွင်းတစ်တွင်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ အကျဉ်းဦးစီးဌာန၌ ကျင်းပသည်။

အလှူငွေပေးအပ်

အခမ်းအနားတွင် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုး၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်တို့က အမှာစကားပြောကြားပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကံညွန့်က လက်နှိပ်တုံကင်ရေတွင်းလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်အတွင်းရေးမှူး ဦးကံညွန့်က အကျဉ်းထောင် ထောင်ပိုင်ကြီး ဦးဘိုနီထံသို့ လက်နှိပ်တုံကင်ရေတွင်း တူးဖော်ရန်အတွက် အလှူငွေကျပ် ၆၃၈၀၀ ကို ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

လှူဒါန်း

ယင်းနောက် စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုးက မုံရွာအကျဉ်းထောင် ထောင်ပိုင်ကြီး ဦးဘိုနီထံသို့အကျဉ်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်းရှိ ဆားရောင်းချသော ဆိုင်များတွင် အရည်အသွေး ပြည့်ဝသော အိုင်အိုဒင်းဆားများ ရောင်းချစေရေးအတွက် မတ် ၁၈ ရက်က အိုင်အိုဒင်းပါဝင်မှုစမ်းသပ် စစ်ဆေးခြင်းကို မြို့နယ် ကျန်းမာရေးအရာရှိ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ စုပေါင်း၍ စမ်းသပ်စစ်ဆေးကြစဉ်။

(မြို့နယ် စည်ပင်)

စီမံကိန်းလျာထားချက်များအောင်မြင်ရေး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုမှသည် ဇီဝဒီဇယ်ဆီများ ဈေးကွက်တွင်ရောင်းချနိုင်သည်အထိ စနစ်တကျစီမံဆောင်ရွက် တိုင်းရင်းသားပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလာရန် လက်တွေ့သရုပ်ပြစည်းရုံး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲဖွင့်ပွဲတွင် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့များကို ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တပ်နယ်မိသားစုဝင်များအား ဝေငှပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်မြို့တော် ဧပြီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ လိုက်ပါလျက် ဧပြီ ၄ ရက် နံနက် ၈ နာရီတွင် ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ဝမ်ကန်ကျေးရွာရှိ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကုန်းမြင့်လယ်ယာစိုက်ပျိုးခင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မှာကြားသည်။

အစီအစဉ်အရ ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာဦးအေးသိန်းက ခြံစည်းရိုးကြက်ဆူများ စိုက်ပျိုးပြီးစီးမှု၊ ပျိုးထောင်ထားရှိမှု

စာမျက်နှာ ၃ ကော်လံ ၁ ❐

နေပြည်တော်မြို့တော် သာသာယာယာ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(ဧပြီ ၆ ရက်)၌ အများအားဖြင့် သာယာမည်။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်မှုမြင့်မားလာ စက်သုံးဆီထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုး

နေပြည်တော်မြို့တော် ဧပြီ ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် လိုက်ပါလျက် ဧပြီ ၁ ရက် နံနက်ပိုင်းက ဝင်းဖနုံရေလှောင်တမံသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်က ရေလှောင်တမံ စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ●

အနာဂတ်ကွန်ပျူတာပညာရှင်များ ဖြစ်လာမည့် ယနေ့လူငယ်လူရွယ်များ၏ အိုင်တီစကားသံများ

တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၅

မျက်မှောက်ခေတ်သိပ္ပံနှင့် နည်းပညာနယ်ပယ်တွင် ကွန်ပျူတာ အသုံးချမှုသည် ပိုမိုနက်ရှိုင်းလာပြီး အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

သိပ္ပံနှင့်နည်းပညာသာမက အခြားသော စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးစသော နယ်ပယ်များတွင်လည်း ကွန်ပျူတာအသုံးချမှုသည် တိုးတက်များပြားလာပြီဖြစ်သည်။ လုပ်ငန်းနယ်ပယ် အသီးသီးတွင် ကွန်ပျူတာစနစ်ကို တွင်တွင်ကျယ်ကျယ် သုံးလာနိုင်ပြီ ဖြစ်၍ လုပ်ငန်းများ ယခင်ကထက် လျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ကွန်ပျူတာအသုံးချလုပ်ငန်းများ ကမ္ဘာနှင့်အဝန်း ပေါ်ပေါက်လာပြီဖြစ်၍ ယနေ့လူငယ်လူရွယ်များအနေဖြင့် အိုင်စီတီနည်းပညာများကို အခြေခံမှအစ ကျွမ်းကျင်သူတစ်ယောက်အဖြစ် သင်ကြားတတ်မြောက်ထားရန် လိုအပ်လာပြီဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကျုံပကူးချောင်းကူးတံတားသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)